မြဝတီ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ သောကြာနေ့။ Friday, 7 March 2025 ၁၁၇၅၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံနှင့်စိန့်ပီတာစဘတ်မြို့တို့အကြား ကျန်းမာရေး၊ ပညာရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ခရီးသွား၊ စက်မှု၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် မတ် ၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့နှင့် မတ် ၅ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် စိန့်ပီတာစဘတ်မြို့ အစိုးရဧည့်ဂေဟာ K2 ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ယနေ့ ဖတ်စရာ

မြန်မာ-ရုရှား စီးပွားရေးဗိုရမ်တွင် ဆွေးနွေးညှိနှိုင်းချက်အရ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံကုမ္ပဏီများအကြား ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

စာမျက်နှာ » ၆

နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကို ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ခြင်းအပြင် ကျေးလက်ဒေသများအတွက် ဓာတ်အားစနစ်ပြင်ပ သီးခြားဆောင်ရွက်နိုင်ရန်လည်း ဆောင်ရွက်ပေးသွားမည်

စာမျက်နှာ » ၁၀

တောင်ငူမြို့နယ် ကေတုမတီမြို့သစ် သီတဂူကေတုမတီအာယုဒါန ဆေးရုံကြီးဖွင့်ပွဲ အခမ်းအနားကျင်းပ

စာမျက်နှာ » ၁၁

၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီ ဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုနှင့် တည်ဆောက်ထားသည့်မိတ်ဆွေနိုင်ငံ

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး မစ္စတာပူတင်တို့ မတ်လ ၄ ရက်နေ့က မိဒီယာများနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံဖွဲ့ဖြိုးတိုးတက်ရေးကိစ္စများကို ရှင်းလင်းပြောကြားခဲ့သည်။

ရုရှားသမ္မတ မစ္စတာပူတင်က "အပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်များကို အတူတူပူးပေါင်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အဆွေတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ ခရီးစဉ်မှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများစွာကို ဆောင်ရွက်နိုင်ခဲ့ပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ ရုရှားနိုင်ငံခရီးစဉ်အတွင်း ဆွေးနွေးပွဲများ၊ ဆွေးနွေးမှုများ အောင်မြင်မှုရရှိခဲ့ပါတယ်။ ရရှိထားတဲ့ရလဒ်တွေကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်အသီးသီးမှာ ဆတက်ထမ်းပိုးဖွံ့ဖြိုးတိုးတက်လာမယ်လို့ ကျွန်တော် ခိုင်ခိုင်မာမာယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံနဲ့ ရုရှားပြည်သူလူထုကနေပြီးတော့မှ ရုရှားနိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနဲ့ ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေတဲ့ကိစ္စရပ်မှန်သမျှကို မြန်မာနိုင်ငံက အပြည့်အဝရပ်တည်ပါကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံရေးရပ်တည်ချက်များ ပြည့်မီဖို့ ဆောင်ရွက်တဲ့အချိန်မှာ ရုရှားနိုင်ငံက ဒေသတွင်းရဲ့ နိုင်ငံတကာစာမျက်နှာတွေမှာ မြန်မာနိုင်ငံအပေါ် စဉ်ဆက်မပြတ် ထောက်ခံပေးမှုတွေကိုလည်း ကျေးဇူးတင်ရှိပါကြောင်း အလေးအနက်ပြောကြားလိုပါတယ်။ နောင်အနာဂတ်မှာလည်း ကျွန်တော်တို့နှစ်နိုင်ငံကြားက အပြည်ပြည်ဆိုင်ရာမျက်နှာစာမှာ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံစီးပွားရေးအတွက် အထူးလိုအပ်သည့် လျှပ်စစ်ဓာတ်အား ပေါပေါများများ ထုတ်လုပ်ပေးနိုင်ရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ တိုးတက်ရေး၊ မြန်မာနိုင်ငံတွင် အသေးစားအဏုမြူဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးအတွက် သဘောတူညီမှုရရှိခဲ့သည်။ အကျိုးရလဒ်အနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးနှင့်ပတ်သက်၍ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပညာရပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရရှိမည်ဖြစ်သည်။ စက်မှုနှင့် အဆင့်မြင့်နည်းပညာနယ်ပယ်တွင် ပူးတွဲစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိပြီး ရုရှားနိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံတွင် ဂြိုဟ်တုမှ ရရှိထားသည့်အချက်အလက်များ လေ့လာရေးစင်တာကို ဖွဲ့စည်းထားသည်။ ရုရှားနိုင်ငံ၏ အောင်မြင်နေသော အာကာသနယ်ပယ်နှင့်ပတ်သက်၍ ဗဟုသုတများစွာ ရရှိနိုင်သည်။

ယဉ်ကျေးမှုနှင့် လူသားချင်းစာနာမှုနယ်ပယ်တွင် မြန်မာနိုင်ငံ၌ ရုရှားယဉ်ကျေးမှုဗဟိုဌာနကို ဖွင့်လှစ်ရန်ရှိပြီး ရန်ကုန်မြို့တွင် ပထမဆုံး အော်သိုဒေါ့ခရစ်ယာန်ရုရှားဘုရားရှိခိုးကျောင်းတည်ဆောက်ရန် အစီအစဉ်ရှိသည်။ ရုရှားနိုင်ငံတွင် မြန်မာနိုင်ငံယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာဗဟိုဌာနနှစ်ခု တည်ဆောက်ထားပြီးဖြစ်သည်။ မကြာသေးမီကာလက ရုရှား-မြန်မာ ကုန်သွယ်ရေးကော်မရှင်အစည်းအဝေးကို နေပြည်တော်တွင်ကျင်းပခဲ့ပြီး နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကော်မရှင်ကို ဖွဲ့စည်းထားကာ ကော်မရှင်အနေဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထူးခြားမှုအနေဖြင့် လာမည့် မေလ ၉ ရက်နေ့တွင် ကျရောက်မည့် (၈၂)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ကို မော်စကိုမြို့တော်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြုတပ်ဖွဲ့ ရင်ပြင်နီချီတက်ပွဲတွင် ပါဝင်ချီတက်ရန်နှင့် မြန်မာနိုင်ငံအကြီးအကဲကို အခမ်းအနားသို့တက်ရောက်ရန် ဖိတ်ခေါ်ထားသည်။

မြန်မာနိုင်ငံသူ နိုင်ငံသားများ ရုရှားဘာသာစကားသင်ယူရန်အတွက် မြန်မာနိုင်ငံရှိ ထင်ရှားသော ရန်ကုန်နှင့် မန္တလေးရှိ နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် စစ်တက္ကသိုလ်တို့တွင် သင်ကြားပေးလျက်ရှိသည်။ ရုရှားနိုင်ငံတက္ကသိုလ်တွင် မြန်မာနိုင်ငံမှ သင်တန်းသား သင်တန်းသူ ၃၀၀ ခန့် တက်ရောက်သင်ကြားလျက်ရှိသည်။ ရုရှားနိုင်ငံ တက္ကသိုလ်အသီးသီးမှ ပညာရပ်များ သင်ယူတတ်မြောက်ခဲ့သည့် မြန်မာနိုင်ငံမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း တစ်သောင်းခန့်ရှိပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ ယခုခရီးစဉ်အတွင်း စိန့်ပီတာစဘတ်မြို့နှင့် နိဇာနီဘစ်ရဲစ်ခ်မြို့တို့တွင် မြန်မာကောင်စစ်ဝန်ရုံးများကိုလည်း တရားဝင်ဖွင့်လှစ်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ၁၉၄၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၇ နှစ်ကျော်ကြာခဲ့ပြီဖြစ်ရာ နှစ်ပေါင်းရှည်ကြာလာသည်နှင့်အမျှ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုသည် ပိုမိုနက်ရှိုင်းလာသလို နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ လျှပ်စစ်စွမ်းအား၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍတို့အပါအဝင် အကျိုးတူကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မကြာမီကာလအတွင်း ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၆

ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ချင်းပြည်သစ်ကွန်ဂရက်ပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၂၀ ရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ ၅၀ စုစုပေါင်း ပါတီ ၇၀ ရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့် အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

၆ - ၃ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၄၇၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၆ - ၃ - ၂၀၂၅

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၇,၂၀၀	၇,၂၀၀	၃၅၉	၂,၅၈၃,၈၀၀
MTSH	၃,၀၀၀	၃,၀၀၀	၂,၉၄၄	၈,၆၈၅,၂၀၀
MCB	၇,၈၀၀	၇,၇၀၀	၁၀၁	၇၇၇,၈၀၀
FPB	၁,၇၅၀	၁,၇၅၀	၃,၃၃၇	၅,၈၄၀,၂၅၀
TMH	၂,၉၀၀	၂,၈၅၀	၂၂၀	၆၃၇,၀၀၀
EFR	၁,၅၅၀	၁,၆၀၀	၁,၇၀၅	၂,၆၇၇,၂၅၀
AMATA	၃,၉၅၀	၄,၀၀၀	၁၂၆	၄၉၈,၀၀၀
MAEX	၃,၁၅၀	၃,၂၅၀	၂၁၅	၆၉၇,၇၅၀
MADPL(PLB)	၃,၀၀၀	၃,၀၀၀	၇၀	၂၁၀,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ဂျာနယ်

စာတည်းမှူးချုပ်	– ဦးဝင်းနိုင်	အကြီးတန်း သတင်းထောက်များ	– ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
ခေတ္တ စာတည်းမှူး	– ဦးအေဝမ်းစိုး		
စာတည်းများ	– ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ	အငယ်တန်း သတင်းထောက်များ	– ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	– ဒေါ်ဇင်မာဝင့်
		စာပြင်	– ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	– ဦးနိုင်လင်းကြည်၊	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	– ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	အီးမေးလ်နှင့် အွန်လိုင်း	– ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၃
မန္တလေးဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့တို့က ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

နေပြည်တော် မတ် ၆

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် စိန့်ပီတာစဘတ် အစိုးရ ဧည့်ဂေဟာ K2 ၌ ကျင်းပပြုလုပ်ရာ ရုရှားနိုင်ငံ၌ တရားဝင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညီစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဒေါက်တာ ကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဒုတိယဝန်ကြီးများ၊ စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒားဘယ်ဂ်လော့၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး၊ စိန့်ပီတာစဘတ်မြို့အစိုးရ အဖွဲ့ဝင်များ၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ စိန့်ပီတာစဘတ်မြို့တွင် သွားရောက်ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ကို ဖွင့်လှစ်၍ အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့တို့က ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံသည် ပထဝီအနေအထား အရ အလွန်ဝေးကွာသော်လည်း နှစ်နိုင်ငံပြည်သူများနှင့် နှလုံးသားချင်း နီးကပ်နေသောကြောင့် သံတမန်ဆက်ဆံရေး သမိုင်းကြောင်းတစ်လျှောက် ရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေးကောင်းကို ထူထောင်ထားနိုင်ခဲ့ကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသည့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အချက်အချာကျသည့် စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့တို့တွင် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး နှစ်ခုကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ရုရှားနိုင်ငံ၏ သမိုင်းအစဉ်အလာကြီးမားပြီး နိုင်ငံရေး၊ စီးပွားရေး၊ ခေတ်မီသိပ္ပံနှင့် နည်းပညာထွန်းကား တိုးတက်နေသည့် စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် မိမိတို့နှစ်နိုင်ငံ၏ အကျိုးစီးပွားများကို ပိုမိုဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၄ သို့ *



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင် ဂါရဝပြုပေးအပ်စဉ်။



ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အခမ်းအနားတွင် အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့ စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အခမ်းအနားတွင် အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့နှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်များအား စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့က စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညီစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာရုရှားနိုင်ငံ သံအမတ်ကြီးနှင့် စိန့်ပီတာစဘတ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် စိန့်ပီတာစဘတ်မြို့တို့အကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အတွက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စက်မှုကဏ္ဍ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စိန့်ပီတာစဘတ်မြို့တွင် ထေရဝါဒ ဗုဒ္ဓဘာသာဆိုင်ရာ သိမ်၊ ကျောင်း၊ စေတီတည်ဆောက်ရေး ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်များအား စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးက စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုညစာစားပွဲတွင် ဖျော်ဖြေခဲ့သည့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့ထံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေက မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင် ဂါရဝပြုပေးအပ်စဉ်။

✻ စာမျက်နှာ ၃ မှ

ဆက်လက်၍ စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ရုရှား-မြန်မာ ဆက်ဆံရေးများ ကောင်းမွန်လျက် ရှိခြင်းကြောင့် မိမိတို့ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကောင်စစ်ဝန်ချုပ်ရုံးအား ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်လာစေမည် ဖြစ်ပါကြောင်း၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေးအတွက် အမြန်ဆုံး ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ကောင်စစ်ဝန်ချုပ် ရုံးသည် ပေါင်းကူးတံတားတစ်ခု သဖွယ် ဖြစ်သဖြင့် နှစ်နိုင်ငံအတွက် များစွာ အကျိုးရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူးတို့အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာ-ရုရှားနှစ်နိုင်ငံမှ အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မတ် ၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများအား ဒေသစံတော်ချိန် ယနေ့နံနက်ပိုင်းတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညီစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ ရောက်ရှိကြရာ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက စိန့်ပီတာစဘတ် ကောင်စစ်ဝန်ချုပ်ရုံး ဆိုင်းဘုတ်အား အမွေးနုံသာရည်များ ပက်ဖျန်းပေးကြပြီး ကောင်စစ်ဝန်ချုပ်ရုံး အတွင်းလိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် စိန့်ပီတာစဘတ်မြို့တွင် သင်တန်းတက်ရောက်နေကြသည့် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ မြန်မာကောင်စစ်ဝန်ချုပ်က ကောင်စစ်ဝန်ချုပ်ရုံးဆိုင်ရာ အချက်အလက်များ၊ ဝန်ထမ်းများတာဝန်ထမ်းဆောင်မှု၊ သင်တန်းသားများ သင်တန်းတက်ရောက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များမေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် စိန့်ပီတာစဘတ်မြို့သို့ စတုတ္ထအကြိမ် ရောက်ရှိခဲ့ခြင်းဖြစ်ပြီး စိန့်ပီတာစဘတ်မြို့၏ အချက်အချာကျမှုနှင့် အရေးပါမှုများ၊ သမိုင်းအစဉ်အလာများရှိသည်ကို သိရှိခဲ့ရကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်ရန်အတွက် ယခင်ကတည်းက ရည်ရွယ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိန့်ပီတာစဘတ်မြို့တွင် စက်ရုံအလုပ်ရုံများ များစွာရှိပြီး သယ်ယူပို့ဆောင်ရေး အတွက်လည်း အချက်အချာကျသည်ကို တွေ့ရကြောင်း။

အလားတူ ပညာသင်ကြားရေးတွင်လည်း ကောင်းမွန်မှုရှိသည်ကိုတွေ့ရကြောင်း၊ စိန့်ပီတာစဘတ်မြို့သည် မိမိတို့နိုင်ငံနှင့် ဆက်သွယ် ဆောင်ရွက်ရန် ကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ယခုအခါ မန္တလေးမြို့မှ နေ၍ ရုရှားနိုင်ငံ နိဗ္ဗိစ္ဆမြို့နှင့် လေကြောင်းလိုင်းများ တိုက်ရိုက်ပြေးဆွဲပျံသန်းလျက်ရှိကြောင်း၊ ယခုစိန့်ပီတာစဘတ်မြို့နှင့်လည်း လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ဆောင်ရွက်ရန် ကိစ္စရပ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကောင်စစ်ဝန်ချုပ်ရုံးမိသားစုများအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် မိမိတို့နိုင်ငံအကျိုးအတွက် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အရေးကြီးသည့် တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်ရှိမှုများမရှိစေရေးနှင့် အချိန်မီပြီးစီးစေရေး Check၊ Recheck၊ Counter Check များ ပြုလုပ်နေရန်လိုကြောင်း၊ နိုင်ငံအတွက် အကျိုးရှိနိုင်သည့် ကိစ္စရပ်များ၊ အကျိုးမပြုနိုင်သည့် ကိစ္စရပ်များကို ခွဲခြား၍ ဆက်လက်တင်ပြဆောင်ရွက်နိုင်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဆက်ဆံမှုများကောင်းမွန် တိုးတက်အောင် ဆောင်ရွက်လျက် ရှိကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များ၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များကို ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ရုရှားနိုင်ငံသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ ခရီးလမ်းအရ ဝေးကွာသည့်နေရာတွင် တည်ရှိခြင်းကြောင့် တွက်ခြေကိုက်သည့် ထုတ်ကုန်များတင်ပို့နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဆက်သွယ်မှုများကောင်းမွန်မြန်ဆန်ရေးဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင်ကုန်ကြမ်းများကို အဓိကထားထုတ်လုပ်ပြီး CMP အထည်ချုပ်လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက် ရှိကြောင်း၊ အလားတူ ရော်ဘာကုန်ကြမ်းများလည်းထွက်ရှိကြောင်း၊ ရော်ဘာကုန်ကြမ်းများနှင့် ရော်ဘာထွက်ကုန်များကို တင်ပို့နိုင်ကြောင်း၊ အလားတူ ဆန်၊ ကော်ဖီ၊ လက်ဖက်နှင့် အခြားစိုက်ပျိုးမွေးမြူရေး **စာမျက်နှာ ၆ သို့** ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

★ စာမျက်နှာ ၅ မှ


ထွက်ကုန်များကို လည်း တင်ပို့နိုင်သကဲ့သို့ သစ်တောထွက် ပစ္စည်းများကိုလည်း တင်ပို့နိုင်ကြောင်း၊ မိမိတို့နိုင်ငံမှ ထုတ်ကုန်များ စိန့်ဝီတာစဘတ်မြို့သို့ တင်ပို့နိုင်ရေး ဈေးကွက်ရှာဖွေ ဆောင်ရွက်သွားရန် လိုကြောင်း။

စိန့်ဝီတာစဘတ်မြို့တွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဆေးဝါးများကောင်းမွန်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆေးများ ထုတ်လုပ်လျက်ရှိသော်လည်း ဆေးရုံများ၌အသုံးပြုသည့် ကင်ဆာကုသဆေးများနှင့် ပတ်သက်၍ လိုအပ်ချက်များရှိနေကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အဆိုပါကင်ဆာကုသဆေးအား ထုတ်လုပ်နိုင်ရေး နည်းပညာများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ကုသမှုအတွေ့အကြုံများ ရရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ သိပ္ပံနှင့် နည်းပညာရပ်များနှင့် ပတ်သက်၍ စိန့်ဝီတာစဘတ်မြို့ရှိ တက္ကသိုလ်များတွင် မြန်မာပညာတော်သင်များ တက်ရောက်နိုင်ရေး ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ရုရှားနိုင်ငံသည် အားကစားနှင့် ပတ်သက်၍လည်း ထိပ်တန်းတွင်ရှိကြောင်း၊ ထို့ကြောင့် မြန်မာ့အားကစားမြှင့်တင်နိုင်ရေးအတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း၊ စိန့်ဝီတာစဘတ်မြို့ရှိ တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင်ကျောင်းသားများ စနစ်တကျ ပညာသင်ကြားနိုင်ရေးနှင့် အခြားလိုအပ်သည့် ကိစ္စရပ်များကို ကောင်စစ်ဝန်ချုပ်ရုံး အနေဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုကြောင်း၊ သင်တန်းကာလနှင့် ပတ်သက်၍ သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ သင်တန်းသားများအနေဖြင့် ပညာများသင်ယူရာတွင်လည်း အလေးထား သင်ယူသွားကြရန် လိုကြောင်း။

ကောင်စစ်ဝန်ချုပ်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့်လည်း ရုရှားဘာသာစကားနှင့် ပတ်သက်၍လည်း လေ့လာ ဆောင်ရွက်သွားမည်ဆိုပါက အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ အချိန်များကို အကျိုးရှိစွာဖြင့် အသုံးချသွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့်ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

မြန်မာ-ရုရှား စီးပွားရေးဖိုရမ်တွင် ဆွေးနွေးညှိနှိုင်းချက်အရ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံကုမ္ပဏီများအကြား ပို့ကုန်၊ သွင်းကုန်ဆိုင်ရာနှားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး



နေပြည်တော် မတ် ၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ မတ် ၅ ရက်တွင် ကျင်းပခဲ့သည့် မြန်မာ-ရုရှား စီးပွားရေးဖိုရမ်တွင် ဆွေးနွေးညှိနှိုင်းချက်များအရ မြန်မာနိုင်ငံမှ ပေါင်းဆန်များအား ရုရှားနိုင်ငံသို့တင်ပို့နိုင်ရေးနှင့် ရုရှားနိုင်ငံမှ ဓာတ်မြေဩဇာနှင့် သုံးသိန်းနှင့် ပိုးသတ်ဆေးများ ဝယ်ယူရေးတို့အတွက် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို စိန့်ဝီတာစဘတ်မြို့ lotte Hotel ၌ ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ မြေဩဇာအသင်းတို့၏ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး မြန်မာဘက်မှ ကိုယ်စားလှယ်နှင့် ရုရှားနိုင်ငံဘက်မှကိုယ်စားလှယ်တို့က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ-ရုရှားနှစ်နိုင်ငံအကြီးအကဲများတွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ သဘောတူညီခဲ့သည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရေး ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ရုရှားစွမ်းအင်ဝန်ကြီးဌာနနှင့် ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီမှတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော် မတ် ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားနိုင်ငံခရီးစဉ်အတွင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ပထမ ဒုတိယဝန်ကြီး Mr. Pavel Sorokin နှင့် ရုရှားနိုင်ငံတော်ပိုင် ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီ “Zarubezhneft” မှ နိုင်ငံတကာဆက်ဆံရေးဌာန အကြီးအကဲ Mr. Alesksander Boldyrev တို့ကို ယမန်နေ့နံနက် ၉ နာရီခွဲက မော်စကိုမြို့ရှိ Radisson Collection ဟိုတယ်၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ထားဝယ်ရေနက်ဆိပ်ကမ်းအနီး LNG Terminal တည်ဆောက်၍ ပြည်တွင်းသုံးနှင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး၊ LNG Terminal မှတစ်ဆင့် ဆက်သွယ်မည့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများတည်ဆောက်နိုင်ရန် ကိစ္စများတွင်ရင်းနှီးမြှုပ်နှံရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရေနံချက်စက်ရုံတည်ဆောက်ရန်အတွက် ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံ၏ စက်သုံးဆီလိုအပ်ချက်များကို သက်သာသောဈေးနှုန်း (friendly price) ဖြင့် ရရှိနိုင်ရန် ကူညီဆောင်ရွက်ပေးရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးတွင် အဆင့်မြင့်နည်းပညာများအသုံးပြုနိုင်ရန် အကူအညီပေးရေးနှင့် အလားအလာကောင်းများရှိနေသည့် ကမ်းလွန်လုပ်ကွက်များတွင် ရုရှားကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖြစ်နိုင်ခြေဆန်းစစ်ခြင်းအား လာရောက်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ဆွေးနွေးသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery ၌ လွမ်းသူ့ပန်းခွေချ အလေးပြု

နေပြည်တော် မတ် ၆

ရုရှားဖက်ဒရေးရှင်း နိုင်ငံ စိန့်ပီတာစဘတ်မြို့၌ တရားဝင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery ၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery သို့ ရောက်ရှိကြရာ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အညတရ Piskaryovskoye Memorial Cemetery ၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ် ရုရှားဖက်ဒရေးရှင်း နိုင်ငံဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတော် သီချင်း တို့အား တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြု ခြင်းကို ခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ရှိ အညတရ Piskaryovskoye Memorial Cemetery ၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူစဉ်။

ဒုတိယဝန်ကြီး ဦးထိန်လင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများကို လိုက်လံကြည့်ရှု စစ်ဆေး

ရန်ကုန် မတ် ၆

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ရှိ အားကစားကွင်း/အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး နွေရာသီအခြေခံအားကစား သင်တန်းတွင် ပါဝင်တက်ရောက်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြောင်းမြမြို့ရှိ အားကစားကွင်း/အားကစားရုံများကို လိုက်လံကြည့်ရှု စစ်ဆေး၍ လေ့ကျင့်လျက်ရှိသော ကြက်တောင်အားကစားသမားများကို တွေ့ဆုံအားပေးပြီး အမိုးပါ ရေကူးကန်ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အိမ်မဲမြို့သို့ သွားရောက်ပြီး အားကစားကွင်း/အားကစားရုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘီလာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့သို့ ရောက်ရှိ

နေပြည်တော် မတ် ၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဘီလာရုစ်နိုင်ငံသမ္မတ မစ္စတာ လူကာရှန်းကော့၏ ဖိတ်ကြားချက်အရ ဘီလာရုစ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးဆက်လက် သွားရောက်ရန် အတွက် စိန့်ပီတာစဘတ်မြို့ရှိ Pulikovo အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။


ကြိုဆိုနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘီလာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ဘီလာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim Ryzhenkov၊ မြန်မာနိုင်ငံဆိုင်ရာ ဘီလာရုစ်သံအမတ်ကြီး၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၉ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် တာဝန်ရှိသူများက စိန့်ပီတာစဘတ်မြို့ရှိ Pulikovo အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘီလာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim Ryzhenkov၊ မြန်မာနိုင်ငံဆိုင်ရာ ဘီလာရုစ်သံအမတ်ကြီး၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘီလာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရိုးရာအစားအစာဖြင့် ကြိုဆိုနှုတ်ဆက်ကြစဉ်။



လွမ်းသူ့ပန်းခွေချအလေးပြု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင့်စ်မြို့ရှိ The Victory Monument ၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

ဘီလာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင့်စ်မြို့ရှိ The Victory Monument ၌ ဘီလာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူစဉ်။





❍ စာမျက်နှာ ၈ မှ

လေဆိပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဘီလာရုစ် သမ္မတနိုင်ငံ နိုင်ငံတော် ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့် နိုင်ငံခြေးဆောင်များအား ကြိုဆိုသည့် အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မင့်စ်မြို့ရှိ The Victory Monument ရှိ လွမ်းသူ့ပန်းခွေချ အလေးပြုမည့် နေရာသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က The Victory Monument ၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ် ဘီလာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဘီလာရုစ်သမ္မတ နိုင်ငံတော် သီချင်းတို့အား တီးမှုတ်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူပြီး တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ Myawady Webportal
https://myawady.net.mm

၄။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၅။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၆။ Myanmar National Portal
https://myanmar.gov.mm

အောင်ကောင်းမြတ် လယ်ယာကုန်ထုတ်နှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်က နှမ်းရိုးသဘာဝမြေဩာများ ထုတ်လုပ်

ဆင်ပေါင်ဝဲ မတ် ၆

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အောင်ကောင်းမြတ် လယ်ယာကုန်ထုတ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်က သဘာဝကုန်ကြမ်းများမှရရှိသော မြေဩာများကို ဈေးနှုန်းသက်သာစွာ ရရှိစေရန် နှမ်းရိုးသဘာဝမြေဩာကို ထုတ်လုပ်လျက်ရှိသည်။

အဆိုပါသဘာဝမြေဩာတွင် အဓိကလိုအပ်သည့် နွားချေး၊ နှမ်းရိုး၊ ဖွဲနုနှင့် အကျိုးပြု အဏုဇီဝမြေဩာ(အီးအမ်) တို့ကို အသုံးပြု၍ သဘာဝမြေဆွေးကျင်းပေါင်း ၁၂၀ ဖြင့် ထုတ်လုပ်လျက်ရှိပြီး တစ်ကျင်းလျှင် နှစ်တန်နှုန်းဖြင့် ပိသာ ၃၀ ဝင် အိတ် ၄၀ ထွက်ရှိကာ အိတ်ပေါင်း ၅၀၀၀ ဝန်းကျင် ခန့်ထုတ်ယူသုံးစွဲနိုင်ပြီဖြစ်သည်။



အသင်းအနေဖြင့် နှမ်းရိုး သဘာဝမြေဩာကို စံပြစိုက်ကွက်များတွင် ထည့်သွင်း၍ ဝါနှင့် နေကြာသီးနှံများကိုစိုက်ပျိုးခဲ့ရာ အထွက်နှုန်းများကောင်းမွန်သဖြင့် မြေပဲ၊ ပဲစင်းငုံနှင့် နှမ်းများကို ဆက်လက်စိုက်ပျိုးမည်ဖြစ်သည်။

နှမ်းရိုးသဘာဝမြေဩာကို အသင်းအကျိုးနှင့် တောင်သူများအကျိုးအတွက် ဆက်လက်ထုတ်လုပ်မည်ဖြစ်ပြီး တောင်သူများအနေဖြင့် လယ်ယာမြေများတွင် စနစ်တကျသုံးစွဲပါက များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်သည်။ ထို့ပြင်အသင်းမှ မြေဩာထုတ်လုပ်မှုအတွက် လိုအပ်သည့် နွားချေးများရရှိရန်နှင့် မွေးမြူရေးကဏ္ဍအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် နွားနှင့် ဒေသကြက်များကိုလည်း မွေးမြူထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

ထားဝယ် မတ် ၆

တနင်္သာရီ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့်တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကို ယမန်နေ့ နံနက်ပိုင်းက ထားဝယ်မြို့ တိုင်းရင်းဆေးပညာဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ သင်တန်းသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၏ ဘေးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် တားဆီးကာကွယ်ရန်၊ နိုင်ငံတော်ကလက်မှတ်ထိုးပါဝင်သော ကုလသမဂ္ဂကွန်ဗင်းရှင်းကို အကောင်အထည်ဖော်ရန်၊ အသိပညာပေးရေး၊ ကုသပေးရေး၊ ပြန်လည် ထူထောင်ပေးရေး ထိရောက်စွာ ဆောင်ရွက်ရန်၊ ပိုမိုထိရောက်သော ပြစ်ဒဏ်များချမှတ်ရန်၊ ပြည်တွင်း၊ ပြည်ပအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်ဖြင့် တိုက်ဖျက်နှိမ်နင်းရေးနှင့် တားဆီးကာကွယ်ရေးကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ပေးရန်၊ မူး/စိတ်နှင့် ဆက်စပ်သည့် လူမှုစီးပွားရေး ပြဿနာရပ်များအား ဖြေရှင်းရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

သင်တန်းတွင် ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးခင်မောင်မြင့်က တိုင်းရင်းဆေးဝါးဥပဒေ၊ မြန်မာနိုင်ငံတိုင်းရင်း ဆေးကောင်စီဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေနှင့် ပြစ်မှု ပြစ်ဒဏ်များအကြောင်း၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း စသည့်တို့ကို ရှင်းလင်းဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

ထားဝယ်မြို့၌ ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်း ဖွင့်လှစ်



လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်အစည်းအဝေး ကျင်းပ

နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကို ဓာတ်အားစနစ်ဖြင့်ချိတ်ဆက်ခြင်းအပြင် ကျေးလက်ဒေသများအတွက် ဓာတ်အားစနစ်ပြင်ပ သီးခြားဆောင်ရွက်နိုင်ရန်လည်း ဆောင်ရွက်ပေးသွားမည်



နေပြည်တော် မတ် ၆

လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏(၂/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ (၁)နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ သီးခြားဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးတင်အောင်စန်းက အဖွင့်အမှာစကားပြောကြားရာတွင် ပထမအကြိမ် ကော်မရှင်အစည်းအဝေးကျင်းပပြီးချိန်မှစ၍ နိုင်ငံတော် ဓာတ်အားစနစ်သို့ ဓာတ်အားအများဆုံး ၅၄၅ မဂ္ဂါဝပ် ပြန်လည်ပို့လွှတ်နိုင်ခဲ့ပြီး အများပြည်သူသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကာလတိုအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သော နေရောင်ခြည်စွမ်းအင်မှ ဓာတ်အားထုတ်လုပ်ခြင်းများကို အမြန် အကောင်အထည်ဖော်ဆောင်ရွက်ရေး နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ရာ ကော်မရှင်အနေဖြင့် ဦးစားပေးလုပ်ငန်းလမ်းညွှန်ချက် သတ်မှတ်ထားရှိပြီး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကို ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ခြင်းအပြင် ဝေးလံကျေးလက်ဒေသများအတွက် ဓာတ်အားစနစ်ပြင်ပ သီးခြားဆောင်ရွက်နိုင်ရန်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် တင်သွင်းလာသည့် ပစ္စည်းများ၏ အရည်အသွေး ကောင်းမွန်ခြင်းရှိ၊ မရှိ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ စစ်ဆေးကြပ်မတ်ရန်လိုအပ်သလို ပစ္စည်းများတပ်ဆင်ခြင်း၊ ဓာတ်အားထုတ်ယူသုံးစွဲခြင်းများ ကိုလည်း သတ်မှတ်ထားသည့် နည်းပညာပိုင်းဆိုင်ရာ စံပြလုပ်ငန်းစဉ် (SOP) စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

စွမ်းအင် ဝန်ကြီးဌာန၏ အားထုတ် ကြိုးပမ်းမှုကြောင့် ဓာတ်အားထုတ်လုပ်မှု အတွက် ဖြန့်ဖြူးပေးနေသည့် ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့ကို ယခင်ခွဲတမ်းထက် တစ်ရက်လျှင် ကုဗပေသန်း ၃၀ ပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့သည့်အတွက် ဓာတ်အားစနစ်အတွင်း ဓာတ်အားမဂ္ဂါဝပ် ၁၁၀ ခန့် ပိုမိုရရှိဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ သဘာဝဓာတ်ငွေ့သည် လျှပ်စစ်ကဏ္ဍအတွက် သာမက စက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍအပါအဝင် ဓာတ်မြေဩဇာထုတ်လုပ်ရန်အတွက်ပါ အသုံးပြုနေရသည့် မဟာဗျူဟာမြောက်လောင်စာ ဖြစ်သောကြောင့် ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန် စွမ်းအင်ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ မြေများမှ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းရန်လိုအပ်သလို ရေနံနှင့်သဘာဝဓာတ်ငွေ့မြေအသစ်များ ရှာဖွေဖော်ထုတ်နိုင်ရေးကိုလည်း ဦးစားပေးလုပ်ငန်းတစ်ရပ် အနေဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

ယခင်က ရေနံလက်ယက်တွင်း တိမ်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဒေသများတွင် စွမ်းအင်ဝန်ကြီးဌာန၏ နည်းပညာဆိုင်ရာ စီမံကြီးကြပ်မှုနှင့် စံသတ်မှတ်တွင်း (Standard Well) တူးဖော်သည့်စနစ်ဖြင့် ခွင့်ပြုနိုင်ရန်စီစဉ်ဆောင်ရွက်နေကြောင်း၊ လက်ရှိကမ်းလွန်စီမံကိန်းများမှ ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့ တိုးမြှင့်ရရှိဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ရန် လိုအပ်သလို ကမ်းလွန်စီမံကိန်းအသစ်များကိုလည်း သတ်မှတ်ချိန်များအတိုင်း စတင်နိုင်ရန် အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

လက်ရှိ ရေနံချက်စက်ရုံများကို အဆင့်မြှင့်တင်မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများဆောင်ရွက်ပြီး အရည်အသွေး ပြည့်ဝသည့် စက်သုံးဆီများကို ပြည်တွင်းတွင် ပိုမိုထုတ်လုပ်ဖြန့်ဖြူးလာနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပမှ စက်သုံးဆီတင်သွင်းမှုကို လျော့ချသွားရန် လိုကြောင်း၊ စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကသွင်းအားစုဖြစ်သည့် အရည်အသွေးပြည့်မီသည့် ဓာတ်မြေဩဇာများကို ပြည်တွင်းတွင် ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေအသစ်များ ရှာဖွေဖော်ထုတ်နိုင်ရေးကိုလည်း ဦးစားပေးလုပ်ငန်းတစ်ရပ် အနေဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

ရေရှည်တွင် လျှပ်စစ်ကဏ္ဍ၌ ရုပ်ကြွင်းလောင်စာများ အစားပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်များကို တိုးမြှင့်အသုံးပြုသွားရန်လို အပ်မည်ဖြစ်၍ ယခုကတည်းက အစီအမံများ စနစ်တကျရေးဆွဲဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရေမြေသဘာဝအနေအထားအရ ရေအရင်းအမြစ် ကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်သည်နှင့် အညီ ရေအရင်းအမြစ်များကို အသုံးပြုပြီး ဓာတ်အားထုတ်လုပ်ခြင်းကိုလည်း ကာလရှည်အစီအမံ ချမှတ်ဆောင်ရွက်သွားရမည် ဖြစ်ရာ နိုင်ငံတော်အကြီးအကဲက ညွှန်ကြားထားသော ဘက်စုံအကျိုးဖြစ်ထွန်းစေမည့် အနိမ့်တမံရေအားလျှပ်စစ်ထုတ်ယူသည့်စနစ်ကို သေချာစွာ စဉ်ဆက်မပြတ် လေ့လာဆောင်ရွက်သွားရန် ပြောကြားလိုကြောင်း။

စီမံကိန်းကြီးများ မြန်ဆန်ပြီးစီးစေရေးအတွက် စီမံကိန်းမြေယာအခက်အခဲများကို ဖြေရှင်းကျော်လွှားရန် ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း၊ ဓာတ်အားစနစ်အတွင်း ဓာတ်အားပျောက်ဆုံးမှုများ လျော့နည်းအောင် ဆောင်ရွက်သွားခြင်းဖြင့် ဓာတ်အားခဆုံးရှုံးမှု လျော့နည်းပြီး နိုင်ငံတော်ဘဏ္ဍာလည်း တိုးတက်ရရှိစေမည်ဖြစ်သည့်အတွက် ရန်ကုန်၊ မန္တလေးနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် အထူးစစ်ဆေးရေးအဖွဲ့များဖွဲ့စည်းပြီး တရားမဝင် ဓာတ်အားသုံးစွဲမှုများကို ပုံမှန်စစ်ဆေး ဖော်ထုတ်သွားရန်လို ကြောင်း။

ထို့အပြင် မတ် ၁၇ ရက်မှ ၂၂ ရက်အတွင်း တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်/ကောလိပ် စာမေးပွဲများ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည့်အတွက် စာမေးပွဲဖြေဆိုချိန်ကာလနှင့် စာကျက်မှတ်ချိန်ကာလများအတွင်း ဓာတ်အားစဉ်ဆက်မပြတ်ရရှိရေး အထူးအလေးထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာ၊ လူစွမ်းအားအရင်းအမြစ်နှင့် ရင်းနှီးမြှုပ်နှံမှုတို့သည် အဓိကကျသည့်အတွက် လိုအပ်သည်များပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် ကျယ်ပြန့်ပြီး သက်ဆိုင်ရာ Stakeholder အားလုံး ပေါင်းစပ်ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်သူများအားလုံး ပေါင်းစပ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူးက ကော်မရှင်အစည်းအဝေး(၁/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဥာဏ်ထွန်းနှင့် ကော်မရှင်တွဲဖက်အတွင်းရေးမှူး စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်စင်တို့က ကော်မရှင်အစည်းအဝေး (၁/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင်များက မိမိတို့ဝန်ကြီးဌာနအလိုက် ကော်မရှင်အစည်းအဝေး (၁/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ စီမံကိန်းများနှင့် စပ်လျဉ်း၍ မိမိတို့ဒေသအတွင်း ဆောင်ရွက်ဆဲ/ ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မကွေးတိုင်းဒေသကြီး ပင်စင်ဦးစီးဌာနရုံး၌ မီးဘေးလုံခြုံရေး အသိပညာပေး

မကွေး မတ် ၆

မကွေးမြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ယမန်နေ့မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ပင်စင်ဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ထိုသို့ ပြုလုပ်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ရုံးအတွင်းမီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် ဝန်ထမ်းများအား မီးသတ်ဆေးဘူး စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရန် ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကို ဆောင်ရွက်သည်။

မကွေးမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် စက်ရုံ၊ အလုပ်ရုံများ စစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များ၊ ဈေးများ၊ ဟိုတယ်/မိုတယ်များ၊ ဆေးရုံ/ဆေးခန်းများ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများ၊ ရုံးဌာနများ၊ ရပ်ကွက်/ကျေးရွာများတွင် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



တောင်ငူမြို့နယ် ကေတုမတီမြို့သစ် သီတဂူကေတုမတီအာယုဒါနဆေးရုံကြီးဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၆





သီတဂူကေတုမတီ အာယုဒါနဆေးရုံတော်ကြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ် သီတဂူကေတုမတီ အာယုဒါနဆေးရုံကြီး ၌ကျင်းပသည်။

အခမ်းအနားသို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့်ဆေးရုံတော်များ၏အဓိပတိ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဂဏာဓိပတိ သောဋ္ဌသမရွှေကျင် သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရသီတဂူဆရာတော်ကြီးနှင့် သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်(တောင်ငူ) ပါမောက္ခ သီတဂူ ကေတုမတီအာယုဒါန ဆေးရုံကြီး တာဝန်ခံဆရာတော် ဒေါက်တာ ဘဒ္ဒန္တကိုကွသာရအမျှး ပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒါယကာဒါယိကာမများက တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် သီတဂူဆရာတော်ကြီးထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်၍ဩဝါဒကထာ နာယူကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီးထံ အလှူရှင်များက သီတဂူကေတုမတီအာယုဒါန ဆေးရုံတော်ကြီးအတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးကိုယ်စား ပြည်ထောင်စုဝန်ကြီးများကအလှူငွေများ လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သီတဂူကေတုမတီ အာယုဒါနဆေးရုံကြီး ဖွင့်လှစ်မှုနှင့် စပ်လျဉ်း၍ ဝမ်းမြောက်စကား လျှောက်ထားသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးက အနုမောဒနာတရားဟောကြားရာတွင် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ကတည်းက သူနာပြုလုပ်ငန်းကို ဦးဆောင်သူမှာ ဗုဒ္ဓဖြစ်သည်ကို သုတ္တန် ပိဋကတော်အရ ပြောဆိုနိုင်ပါကြောင်း၊ သံဃာတော်များသီတင်းသုံးရာ ကျောင်းသခ်ိန်းများတွင် ဂိလာနအာရောဂျဆာယာဆိုသည့် ဆေးကုသဆောင်များတည်ဆောက် ထားသည်များကို အထောက်အထားများအရ သိရှိရပါကြောင်း၊ မြတ်စွာဘုရားရှင်က ဂိလာနသံဃာ တွေ့ပါလျက် ဆေးကုသပေးမှုမပြုပါက အာပတ်ဖြစ်သည်ဟု ပညတ်ပါကြောင်း၊ ဂိလာနကို ဝိနည်းသိက္ခာနှင့်အညီ အချင်းချင်းမေတ္တာဖြင့် ကုသမှုပြုလုပ်ကြရန် ဘုရားရှင်ကိုယ်တိုင် မိန့်ဆိုထားခဲ့ကြောင်း၊ ဂိလာနကို ပြုစုပေးခြင်းသည် မြတ်စွာဘုရားအား ပြုစုရာရောက်သည်ဟု မိန့်ကြားတော်မူခဲ့ပါကြောင်း။

အသောကမင်းကြီး၏ သာသနာပြု အထိမ်းအမှတ်ကျောက်တိုင် စိုက်ထူရာတွင် တစ်နေရာတစ်မျိုးဖြစ်ပြီး နွားရုပ်၊ မြင်းရုပ်၊ ဆင်ရုပ်၊ ခြင်္သေ့ရုပ် စသည့်အရုပ်လေးမျိုး စိုက်ထူပါကြောင်း၊ နွားရုပ်နှင့်ဆိုင်သည့် နွားလားဥသဘသည် လူတို့၏ အကျိုးစီးပွား ဆောင်ရွက်သည့် နေရာတွင် သည်းခံအားအလွန်ကောင်းသည့် အတွက်ကြောင့် ဘာသာ သာသနာအကျိုး၊ အများအကျိုး၊ နိုင်ငံ့အကျိုးကိုဆောင်ရွက်သည့်အခါ နွားလိုသည်းခံအားကောင်းကောင်းဖြင့် ဆောင်ရွက်ရန်လိုပါကြောင်း၊ မြင်းရုပ်နှင့်ဆိုင်သည့်မြင်းသည် ပြေးလွှားအားအလွန် လျင်မြန်သည့်နည်းတူ ဘာသာ သာသနာအကျိုး၊ အများအကျိုး၊ နိုင်ငံ့အကျိုး၊ လူတို့၏ အကျိုးစီးပွားကို ဆောင်ရွက်သည့် နေရာတွင် မြင်းလိုပင် အရှိန်အဟုန်သုံးပြီး အလုပ်ကိုမြန်မြန်လုပ်ရန်လိုအပ်ပါကြောင်း၊ ဆင်ရုပ်နှင့်ဆိုင်သည့် ဆင်သည် မြေပြင်တွင် အင်အားအကောင်းဆုံးဖြစ်သည့်အတွက်ကြောင့် အလုပ်လုပ်ရာတွင် ဆင်လို အင်နှင့်အားနှင့် ဆောင်ရွက်ရန်လိုကြောင်း၊ ခြင်္သေ့သည် ကြောက်ရွံ့မှုမရှိဘဲ သတ္တိရှိသောကြောင့် လုပ်ငန်းတစ်ခုလုပ်ရာတွင် ခြင်္သေ့လိုသတ္တိရှိရှိလုပ်ရန်လိုကြောင်း၊ ဘာသာရေး၊ လူမှုရေးရာများနှင့် ဂိလာနစောင့်ရှောက်မှုရေးရာများ လုပ်ဆောင်ရာတွင် လူအင်အား၊ ပစ္စည်းအင်အား၊ ငွေအင်အားနှင့် စိတ်ဓာတ်အင်အားစသည့် အင်အားလေးမျိုးဖြင့် လုပ်ဆောင်ရန်လိုကြောင်း မိန့်ကြားသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေပြီး သီတဂူဆရာတော်ကြီးအမှူးပြုသော ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က သီတဂူအဓိဋ္ဌာန်ရွတ်ဆိုပူဇော်၍ ပထမပိုင်း အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် သီတဂူဆရာတော်ကြီးနှင့် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တောင်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့က စက်ခလုတ်နှိပ်၍ သီတဂူကေတုမတီ အာယုဒါနဆေးရုံတော်ကြီး မင်္ဂလာမုခ်ဦးကို ဖွင့်လှစ်ပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ နယ်မြေခံလေတပ်စခန်း ဌာနချုပ်မှူးတို့က ဖဲကြိုးဖြတ်၍ သီတဂူကေတုမတီ အာယုဒါနဆေးရုံတော် မင်္ဂလာတံခါးကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများသည် သီတဂူကေတုမတီ အာယုဒါနဆေးရုံတော်တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် သွားတုတ်ဆင် ဆေးကုသမှုခံယူနေသောလူနာများအား ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မြောက်ဥက္ကလာပမြို့နယ်၌ အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲအကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသေးစားစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲအကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက အသေးစားစက်မှုလက်မှဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသေးစားစက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကော်မတီများအလိုက် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲတွင် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့်ဆက်သွယ်ပြီး ကုန်စည်ပြပွဲတွင် မိမိတို့၏ထုတ်ကုန်ပစ္စည်းများကို ပါဝင်ပြသကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လောဟာက ပြပွဲနှင့် ဈေးရောင်းပွဲကော်မတီများဖွဲ့စည်းကာ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများက ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

သက်လွင်စိုး(ပြန်/ဆက်)



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးထွန်းဝေနှင့် တာဝန်ရှိသူများ မတ် ၅ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း ပြည်ထောင်စု/နေပြည်တော်ကောင်စီပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများနှင့် သဘာဝဘေးကြောင့် ပျက်စီးသွားသည့်လမ်းများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းခွင်များသို့ ကွင်းဆင်းစစ်ဆေးစဉ်။

တင်စိုးလွင်

မနက်ဖြန်မွန်းတည့်ချိန် အထိခန့်မှန်းချက်

နေပြည်တော် မတ် ၆

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

မိုး/ဧလ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ (၁၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဥပဒေနှင့် ညီညွတ်သည့်လုပ်ငန်းများအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားမှုများအပေါ် စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မတ် ၆

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ကော်မတီအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားမှုများအပေါ် စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ခွင့်ပြုမိန့်မရရှိဘဲ လုပ်ငန်းများ လုပ်ကိုင်အသုံးပြုထားရှိမှုအတွက် စတင်လုပ်ကိုင်အသုံးပြုသည့် လုပ်ငန်းအမျိုးအစား၊ သီးနှံအမျိုးအစားအလိုက် သတ်မှတ်ထားသည့် မြေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးသည့်နေ့မှစ၍ သတ်မှတ်မြေခွန်နှုန်းထားအတိုင်း လုပ်ကိုင်အသုံးပြုခဲ့မှုကာလအရ ကျသင့်မြေခွန်အား ပေးသွင်းစေပြီးမှသာ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီများကိုလည်း ဆက်လက်ညွှန်ကြားဆောင်ရွက်သွားသင့်သည်ဟု သုံးသပ်ရပါကြောင်း။



မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားမှုများနှင့် ပတ်သက်၍ အမှန်တကယ်လုပ်ဆောင်နိုင်မည့်ပမာဏသာ စိစစ်ခွင့်ပြုခြင်းအပြင် ကာယကံရှင်များအနေဖြင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အကျိုးအမြတ်ဆောလျင်စွာရရှိရေးအတွက် အာမခံကြေး ပမာဏ တိုးမြှင့်သတ်မှတ်ရန် လိုအပ်ပါကြောင်း၊ မြေခွန်နှုန်းထားအနေဖြင့် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူအချို့သည် မြေခွန်ပေးသွင်းနေသော်လည်း လက်တွေ့လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ခြင်းမပြုဘဲ တာဝန်ကျေလုပ်ဆောင်နေခြင်းနှင့် အချို့သည် အမှန်တကယ် မြေပြင်တွင် လုပ်ကိုင်ဆောင်ရွက်မှုမရှိခြင်းများ စိစစ်တွေ့ရှိရသည့်အတွက် ပေးသွင်းရမည့် မြေခွန်နှုန်းထား ပြင်ဆင်သတ်မှတ်နိုင်ရေးကိုလည်း ဗဟိုကော်မတီဝင်များအားလုံးက ဝိုင်းဝန်းသုံးသပ်ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူးက (၁၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့်လုပ်ငန်းစဉ်များကို တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းတစ်ခုချင်းအပေါ် ဆွေးနွေးကြသည်။

၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်းပြီးနောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် စီမံခန့်ခွဲရေးကော်မတီများမှ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များ ခွင့်ပြုချထားပေးခဲ့သည့် စုစုပေါင်း မြေဧရိယာ ၂၇၆၂၂၅ ဧကအနက် သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမရှိသည့် မြေဧရိယာ ဧက ၁၆၀၀၉၆၀ ကို ပြန်လည်သိမ်းဆည်းခဲ့ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် တစ်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် မြေဧရိယာကိုသာ စိစစ်၍ လုပ်ကိုင်ခွင့်ပေးရန် တည်ဆဲဥပဒေနှင့်အညီ ညွှန်ကြားချက်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ စိစစ်လျက်ရှိသော အဆိုပြုလျှောက်ထားမှုများအား နှစ်အလိုက်လုပ်ကိုင်နိုင်မှုအပေါ် မူတည်၍ ဥပဒေနှင့်အညီ နှစ်စဉ်လုပ်ကိုင်ခွင့် ဆက်လက်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးမြင့်စိုး ငပုတောမြို့နယ် ဇီးချိုင်ကျေးရွာအဝင်တံတား ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဗိုင်းကြီးကျွန်းမြို့သို့ သွားရောက်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဗိုင်းကြီးကျွန်း မြို့ရောင်လမ်း အရှည် တစ်မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် ငပုတောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တာဝန်ယူတည်ဆောက်နေသော ဇီးချိုင်ကျေးရွာ အဝင်တံတား ပေ ၁၆၀ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ချဉ်းကပ်လမ်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်၊ နှစ် (၈၀) ပြည့် တပ်မတော်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် အချိန်မီဖွင့်လှစ်နိုင်ရန် မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မဟာမကုဋ္ဌရုံသဲ မြတ်မော်တင်ဆံတော်ရှင်စေတီတော်မြတ်ကြီး အား သွားရောက်ဖူးမြော်ကန်တော့ပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



သတင်းစဉ်

ဟင်္သာတခရိုင် မီးသတ်ဦးစီးမှူးရုံး၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြော

ဟင်္သာတ မတ် ၆

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့ လယ်တီကွင်းရပ်ရှိ ဟင်္သာတခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ယမန်နေ့နံနက် ၉ နာရီက စက်သုံးဆီ အရောင်းဆိုင်များ မီးဘေး ကြိုတင်ကာကွယ်ရေး ဟောပြောခြင်း၊ သရုပ်ပြသခြင်းနှင့် ဧဝတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနား ပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် ဟင်္သာတခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြသန်းက အဖွင့်အမှာစကား ပြောကြားခြင်း၊ ဟင်္သာတခရိုင် မီးသတ်ဦးစီးမှူး ဦးဟိန်းသူဟန်က စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန် အချက်များအား အသိပညာပေးဟောပြောခြင်းတို့ ဆောင်ရွက်ပြီး ဟင်္သာတခရိုင် မီးသတ်ဦးစီးမှူးရုံးရှေ့၌ စက်သုံးဆီ အရောင်းဆိုင်များ မီးဘေး ကြိုတင်ကာကွယ်ရေး အရေးပေါ် မီးငြိမ်းသတ်နည်းများကို သရုပ်ပြသခြင်းနှင့် ဧဝတ်တိုက် လေ့ကျင့်ခြင်းများ ပြုလုပ်သည်။



အခမ်းအနားသို့ ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ ဟင်္သာတခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြသန်း၊ ဟင်္သာတခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဟိန်းသူဟန်၊ ဟင်္သာတမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဥက္ကာနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဟင်္သာတမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များမှ ဆိုင်ပိုင်ရှင်များနှင့် ကိုယ်စားလှယ်များ စုစုပေါင်း ၄၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်

ပြင်ဦးလွင် မတ် ၆

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက မြန်မာနိုင်ငံသစ်တောကျောင်း ကျွန်းရတနာခန်းမ၌ လည်းကောင်း၊ မွန်းလွဲ ၁ နာရီက ရပ်ကွက်ကြီး (၁၄) ညောင်နီ၌လည်းကောင်း ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟန်နီသင်းက “မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ သိကောင်းစရာများ”နှင့် “အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်”ခေါင်းစဉ်တို့ဖြင့် ဟောပြောဆွေးနွေးသည်။ ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများက Understanding PM 2.5 Video Clip ပြသခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



သွေးသွေး(ပြန်/ဆက်)

ပြည်တွင်းသံထည်ထုတ်ကုန်ပစ္စည်းများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် မတ် ၆

ပြည်တွင်း သံထည်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ခေတ်မီသံထည်/သံပုံသွင်းနည်းပညာများအသုံးပြုပြီး အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး၊ စျေးကွက်တိုးတက်ရရှိရေးတို့အတွက် ညှိနှိုင်းဆွေးနွေးသည့်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်တွင်းသံထည်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ခေတ်စနစ်များ ပြောင်းလဲလာသော်လည်း ပန်းပဲလက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြု၍ လုပ်ငန်းဆက်လက်ရပ်တည်လုပ်ကိုင်သူများ ရှိသော်လည်း ပညာသင်ယူရာသည့်အချိန်ကြာမြင့်ခြင်း၊ မီးအပူ၊ သံအပူတို့ကို ခံစားရခြင်း၊ လိုရာပုံရရှိအောင် ထုရိုက်ရသည့်အတွက် ပင်ပန်းခြင်း၊ ပြည်ပမှကုန်ပစ္စည်းများ စျေးနှုန်းသက်သာစွာ ဝင်ရောက်လာခြင်းတို့ကြောင့် ပန်းပဲပညာကို လက်ဆင့်ကမ်းသင်ယူသူ နည်းပါးလာကြောင်း၊ မိရိုးဖလာပန်းပဲလုပ်ငန်းများ၊ အိမ်တွင်းမှုလုပ်ငန်းများမှ မီးဖိုချောင်သုံးဓား၊ ကတ်ကြေးမှအစပြုပြီး လယ်ယာသုံးပစ္စည်းများ၊ လက်သမားသုံးပစ္စည်းများကို အာမခံနှင့် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းသံထည်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့် MSME လုပ်ငန်းများကို မိရိုးဖလာမှသည် ခေတ်နှင့်အညီ ပိုမိုအဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ပန်းပဲလုပ်ငန်းများသည် ပြည်တွင်းစျေးကွက်သာရှိနေပြီး ကုန်ကြမ်းလုံလောက်မှု၊ ထုတ်ကုန်ပစ္စည်းအရည်အသွေး၊ တီထွင်ဆန်းသစ်မှု၊ နည်းပညာနှင့် စျေးကွက်ရှာဖွေနိုင်မှုစသည့် လိုအပ်ချက်များရှိနေသည့်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါက ပြည်တွင်းထုတ်လုပ်ရောင်းချမှုအားကောင်းလာကာ ပြည်ပတင်ပို့ရောင်းချနိုင်သည်အထိ အောင်မြင်လာမည်ဖြစ်ပါကြောင်း။

"မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၅"တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် သံထည်ထုတ်ကုန်ပစ္စည်း ကတ်ကြေး၊ ဓား စသည်တို့သည် အရည်အသွေးကောင်းမွန်ပြီး ထင်ရှားသည့်အတွက် အဆိုပါသံထည်ထုတ်ကုန်ပစ္စည်းများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး တွန်းအားပေးဆောင်ရွက်သွားကြရန် လမ်းညွှန်မှု ပြုထားပါကြောင်း။

ထို့အတူ "စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရန်လိုသကဲ့သို့ အခြားထုတ်ကုန်များကို အဆင့်မီစွာ ထုတ်လုပ်နိုင်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားရန်" လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် အိမ်တွင်းမှုလုပ်ငန်းများမှ မီးဖိုချောင်သုံးဓား၊ ကတ်ကြေးမှအစပြုပြီး လယ်ယာသုံးပစ္စည်းများ၊ လက်သမားသုံးပစ္စည်းများအားလုံးကို အရည်အသွေးမြှင့် နိုင်ငံတကာအဆင့်မီထုတ်လုပ်ရေး၊ စျေးကွက်တိုးတက်ရရှိရေးတို့ကို အစိုးရ-ပုဂ္ဂလိကပူးပေါင်းကြိုးစားမှုဖြင့် ရလဒ်ကောင်းများရရှိအောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကြမ်းရရှိမှု၊ ထုတ်လုပ်မှု၊ စျေးကွက်နှင့် လိုအပ်ချက်များ၊ အိမ်တွင်းမှုလုပ်ငန်းများမှ မီးဖိုချောင်သုံးဓား၊ ကတ်ကြေးစသည်တို့ ထုတ်လုပ်ရောင်းချမှုများ၊ ဒေသထုတ်ကုန်များကို အရည်အသွေးမြှင့်ထုတ်လုပ်နိုင်ရေး သုတေသနဆောင်ရွက်ထားရှိမှုနှင့် သံထည်၊ သံပုံသွင်းနည်းပညာဆိုင်ရာများကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အစည်းအဝေးတက်ရောက်လာကြသူများသည် လုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ထားဝယ်မြို့၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရန် သဘောတူစာချုပ်နှင့် သက်တမ်းတိုးသဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်းအခမ်းအနား ကျင်းပ

ထားဝယ် မတ် ၆

တနင်္သာရီ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဖိုးသီးချို့လျှပ်စစ်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက် တို့အကြား ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်အတွင်းရှိ ပဲဒက်ကျေးရွာ ဓာတ်အားခွဲရုံမှ ပတ်ဝန်းကျင်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရန် သဘောတူစာချုပ်နှင့် သက်တမ်းတိုး သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကူညီဆောင်ရွက်

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးသို့ မဟာဓာတ်အားလိုင်း မရောက်ခင်အကြားတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် တိုင်းဒေသကြီး အစီအစဉ်ဖြင့် ကြိုးစားဆောင်ရွက်လျက် ရှိကြောင်း၊ ၂၀၁၃ ခုနှစ်မှစ၍ ၁၀ နှစ်ကျော် ကြိုးစားဆောင်ရွက်ခဲ့သည့်အတွက် အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားအနေဖြင့် ခရိုင်အလိုက် ခရိုင် Grid ဖွဲ့ပြီး ခရိုင်နှစ်ခုအား ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ထားဝယ်လေးမြို့နယ်အတွက် Grid တစ်ခုကို လျှပ်စစ်ဓာတ်အားတစ်ပြိုင်တည်း လုံလောက်စွာဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြိတ်၊ ဘုတ်ပြင်း၊ ကော့သောင်းခရိုင် အတွက် လျှပ်စစ်ဓာတ်အားကို ဒီဇယ်ဖြင့် ဆောင်ရွက်ပေးနေရသောကြောင့် စျေးနှုန်းအမျိုးမျိုး ရှိသော်လည်း လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ အားအပြည့်ဖြင့် လိုအပ်သည့် နေရာများတွင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဘုတ်ပြင်းတွင် မကြာခင်ကာလအတွင်း ပုစွန်ကန်နှင့် အအေးခန်းတည်ဆောက်ပြီးပါက လျှပ်စစ်ဓာတ်အား ပိုမိုလိုအပ်လာမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးတွင် တန်ဖိုးရှိသောရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်တွင် ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဆိုပါက တိုင်းဒေသကြီးတွင် လျှပ်စစ်မီး အလုံအလောက်ရရှိမည်ဖြစ်ပြီး ယူနစ်စျေးနှုန်းကျဆင်းလာမည်ဖြစ်ကြောင်း၊ စက်မှုလက်မှု လုပ်ငန်းများလည်း တိုးတက်လာမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မြို့နယ်များတွင် လျှပ်စစ်မီးအပြည့်အဝရရှိရေး၊ ယူနစ်စျေးနှုန်းကျဆင်းရေး ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ရှင်းလင်းပြောကြား

ထို့နောက် ဖိုးသီးချို့လျှပ်စစ်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်က ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဖိုးသီးချို့လျှပ်စစ်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်တို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက်ရန် သဘောတူစာချုပ်နှင့် သက်တမ်းတိုးသဘောတူစာချုပ်အား လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကျုံပျော်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေး

ကျုံပျော် မတ် ၆

ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မီးသတ်ဦးစီးဌာနက



ပြည်သူများ မီးပေါ့ဆမှုမရှိစေရန်နှင့် မီးလောင်မှုလျော့နည်းပပျောက်စေရန်ရည်ရွယ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးခြင်းကို ပျဉ်ချဆိပ်ကျေးရွာအုပ်စု၌ ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင်မြို့နယ်မီးသတ်ဦးစီးအရာရှိဦးအောင်စိန်ဘွင့်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးဇင်မျိုးနိုင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ဒေသနေပြည်သူများ၏ မီးသုံးစွဲမှုအခြေအနေများကို လိုက်လံစစ်ဆေးကာ မီးဘေးကြိုတင်ကာကွယ်ရေးအချက်များ၊ သတိမှတ်မီးသုံးစွဲချိန်အတိုင်း ဂရုပြုသုံးစွဲရန်၊ အမှိုက်များ ရှင်းလင်းထားရန်၊ စက်သုံးလောင်စာဆီများ သိုလှောင်ခြင်းမပြုရန်၊ မီးကြိုး၊ မီးကျန်များ စနစ်တကျငြိမ်းသတ်ရန်၊ လျှပ်စစ်မီးစနစ်တကျအသုံးပြုရန်၊ မီးဘေးကာကွယ်ရေးပစ္စည်းများဖြစ်သော ရေပုံး၊ သဲနှင့် မီးချောက်၊ မီးကပ်ထားရှိရန်တို့ကို တစ်အိမ်တက်ဆင်း လိုက်လံအသိပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမှ ကြိုတင်ကာကွယ်နိုင်ရန် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းနှင့် လိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။

ရဲဇော်ဟိန်း(ပြန်/ဆက်)

မော်လမြိုင်မြို့၌ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့နှင့် ပတ်သက်သော လူပ်ရှားဆောင်ရွက်မှု အခမ်းအနား ကျင်းပ

မော်လမြိုင် မတ် ၆

မွန်ပြည်နယ် မော်လမြိုင်မြို့၌ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ လူပ်ရှားဆောင်ရွက်မှုအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ် ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ ပြည်နယ်အတွင်း၌ ပြည်သူများ ပျော်ရွှင်စွာ ဆင်နွှဲလေ့ရှိသည့် "သနပ်ခါးပါးတို့"သည့် အလေ့အထသည် မြန်မာ့သနပ်ခါးယဉ်ကျေးမှု ဓလေ့ အဖြစ် တည်ရှိနေပါကြောင်း၊ မော်လမြိုင်မြို့ရှိ မုပွန်ရပ်ကွက်နှင့် လှိုင်ရပ်ကွက်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာအချို့နှင့် ထုံးအိုင်ကျေးရွာတို့တွင် နိဗ္ဗာန်စွေးအလှူများ ကျင်းပသည့်အခါ "သနပ်ခါးပါးတို့" သည့် အလေ့အထသည် ဒေသခံပြည်သူများ ပျော်ရွှင်စွာ ဆင်နွှဲသည့် ဒေသဓလေ့ ဖြစ်ပါကြောင်း၊ ထို့အတူ မော်လမြိုင်မြို့ရှိ ရိုးဂိုးဘုရားပွဲ ကျင်းပချိန် သင်္ကြန်နှစ်ဆန်း တစ်ရက်နေ့တွင် "သနပ်ခါးပါးတို့" သည့် ဓလေ့သည် ယနေ့အထိ ဒေသခံပြည်သူများ ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိသည့် ရိုးရာဓလေ့ တစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ Video Clip ကိုပြသပြီး မော်လမြိုင်ပညာရေးဒီဂရီကောလိပ်ယိမ်းအဖွဲ့၊ မော်လမြိုင် သူနာပြုသင်တန်းကျောင်းယိမ်းအဖွဲ့၊ မော်လမြိုင် သားဖွားသင်တန်းကျောင်း ယိမ်းအဖွဲ့၊ မော်လမြိုင်တက္ကသိုလ်ယိမ်းအဖွဲ့တို့က မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့နှင့် ပတ်သက်သည့် တေးသီချင်းများ၊ သရုပ်ဖော် အက အလှများဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ယိမ်းအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ အခမ်းအနား တက်ရောက်လာကြသူများ၏ မြန်မာ့သနပ်ခါးလိမ်းခြယ်မှု အစီအစဉ် ပျော်ရွှင်စွာ စုပေါင်းဆင်နွှဲမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

ပေါင်မြို့နယ်၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လူပ်ရှားဆောင်ရွက်မှု အခမ်းအနားပြုလုပ်

ပေါင် မတ် ၆

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ လူသားမျိုးနွယ် ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် မြန်မာ့သနပ်ခါးပါဝင်နိုင်ရေး အကြိုလှုပ်ရှားဆောင်ရွက်မှု အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လူပ်ရှားဆောင်ရွက်မှုအဖြစ် ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးကုဌာနမှူးဒေါ်မေသီတာစိုးက မြန်မာ့လူအဖွဲ့အစည်းတွင် သနပ်ခါးအရေးပါပုံ၊ မြန်မာ့သနပ်ခါးအသုံးပြုပုံနှင့် လိမ်းခြယ်ပုံ၊ သနပ်ခါးကို အလှအတွက်သာမက မြန်မာ့ရိုးရာ တိုင်းရင်းဆေးအတွက်ပါ အသုံးပြုလာကြပုံ၊ မြန်မာ့သနပ်ခါး ရိုးရာယဉ်ကျေးမှုကို မြန်မာမိန်းကလေးများ ထိန်းသိမ်းသင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လူပ်ရှားဆောင်ရွက်မှုအဖြစ် သနပ်ခါး လိမ်းခြယ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မွန်မလေး (ပြန်/ဆက်)



ဟိုပုံးမြို့နယ်၌ မွေးကင်းစမှ အသက်နှစ်နှစ်နှင့်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေး ထိုးနှံပေး

ဟိုပုံး မတ် ၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်အတွင်းရှိ မွေးကင်းစမှ အသက် နှစ်နှစ်နှင့်အောက်အရွယ် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ပုံမှန်ကာကွယ်ဆေး တိုက်ကျွေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ဟိုပုံးမြို့နယ် မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်အတွင်းရှိ မွေးကင်းစမှ အသက် နှစ်နှစ်နှင့် အောက်အရွယ် ကလေးငယ်များအား အသက်အရွယ်အလိုက် ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်ရောဂါ (ပီစီဗွီ)၊ ဝက်သက်၊ ဂျိုက်သိုး၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ (ဘီ)-ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ် ကာကွယ်ဆေး)၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး စသည့်ရောဂါကာကွယ်ဆေးများကို တိုက်ကျွေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ (ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနက မြန်မာ့သနပ်ခါးနေ့လှုပ်ရှားမှု ကျင်းပ

ရေကြည် မတ် ၆

ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနက ဦးဆောင်ကာ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် "မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့" ပါဝင်နိုင်စေရေး အကြိုလှုပ်ရှားမှုအဖြစ် မြန်မာ့သနပ်ခါးနေ့လှုပ်ရှားမှုကို ရေကြည်မြို့နယ်အစည်းအဝေးခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

ဦးစွာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်မွန်မြတ်အောင်က "ဂုဏ်ယူစရာ မြန်မာ့သနပ်ခါး" အကြောင်းကိုလည်းကောင်း၊ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ခိုင်စံပယ်က "သနပ်ခါး၏ ဆေးဖက်ဝင် အသုံးပြုပုံများ" အကြောင်းကိုလည်းကောင်း ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက အဖွဲ့လိုက် သနပ်ခါးသွေးခြင်း၊ လိမ်းခြယ်ပေးခြင်းတို့ကို ဆောင်ရွက်ကာ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

မဲခေါင်-လန်ချန်စီမံကိန်းဖြင့် စိုက်ပျိုးကုန်ကြမ်းသီးနှံ အခြေခံတန်ဖိုးမြင့်စားသောက်ကုန်သင်တန်းဆင်းပွဲကျင်းပ



နေပြည်တော် မတ် ၆

မဲခေါင်-လန်ချန် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄) ဖြင့်ဆောင်ရွက်လျက်ရှိသော Encouraging small scale industries in Agro-based Sector စီမံကိန်းဖြင့် စိုက်ပျိုးကုန်ကြမ်းသီးနှံအခြေခံတန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း(အမှတ်စဉ် -၇)ဆင်းပွဲအခမ်းအနားကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)တွင် မတ် ၅ ရက်က ကျင်းပသည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပေးသည့် ဘာသာရပ်များကို အသုံးပြုကာ ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်စေရေး စနစ်တကျ ကြိုးစားကြရန်မှာကြားသည်။ ထို့နောက် ထူးချွန်ဆုရရှိသူ ငါးဦးအား ဆုများ ချီးမြှင့်ပေးသည်။

အဆိုပါစီမံကိန်းဖြင့် တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို (၁၅) ကြိမ်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် အသေးစားစီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်အထိ ဈေးကွက်ဝင်ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာများ၊ စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ နည်းပညာများနှင့် ထုပ်ပိုးမှုဆိုင်ရာ နည်းပညာများကို သင်ကြားပို့ချပေးပြီး သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ ထို့ပြင် အသေးစားထုတ်ကုန်လုပ်ငန်းလုပ်ကိုင်လိုသူများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ရွေးချယ်ကာ လုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

ထိန်နန်နော်(သတင်းစဉ်)

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်



မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ တာဝန်ရှိသူများ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်စဉ်။



အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို လွှဲပြောင်းပေးအပ်စဉ်။

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၄၅၆ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၀၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၆

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့– ရွှေကုက္ကိုလ် မယ်ထော် သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၄၅၆ ဦးကို ယနေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၀၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့သည်။

စနစ်တကျ လွှဲပြောင်းပေးအပ်

အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ရာတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဖြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး Ploen Klinpayom နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၄၃၄၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၁၂၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၁၂၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၄၃၄၂ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဒာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ဂျပန်၊ ရုဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်(တိုင်ပေ)တို့မှ ဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ပြည်သူများ အထင်အမြင် လွဲမှားစေရန် မဟုတ်မမှန်သတင်းများ ရေးသားဖော်ပြ

နေပြည်တော် မတ် ၆

ညောင်ဦးမြို့နယ်တွင် လူငယ် ၇၂၂ ဦးကို စစ်မှုထမ်းခေါ်ယူရန် စစ်တပ်က စာရင်းပြုစုထားသဖြင့် မတရားမှုကို ခေါင်းငုံ့မခံဘဲ တော်လှန်တိုက်ခိုက်ကြရန် တိုက်တွန်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရွှေဘိုမြို့နယ် နှမစားရစ်ရွာသို့ စစ်တပ်က စစ်ကြောင်းထိုးပြီး အရပ်သားပြည်သူ ဦးအောင်စိုးကို လည်လှီးသတ်ဖြတ်ကာ အသက် ၉၀ အရွယ် အဘွားနွဲ့ကြည်ကိုလည်း မီးရှို့သတ်ပြီး စစ်တပ်၏ မီးရှို့မှုကြောင့် နေအိမ် ၁၀၀ ခန့် ပြာကျခေါင်းစဉ်ဖြင့်လည်းကောင်း၊ စလင်းမြို့နယ် ကျေးရွာများကို စစ်တပ်က သုံးရက် ဆက်တိုက်မီးရှို့ဖျက်ဆီးမှု နေအိမ်ရာချီပြာကျကာ ပုလဲမြို့နယ် တောသာရွာကို စစ်တပ်က စက်တပ်လေထီးဖြင့် ဗုံးကျဲမှု ပြည်သူတစ်ဦးဒဏ်ရာရ ခေါင်းစဉ်ဖြင့်လည်းကောင်း Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန် လုပ်ကြံသတင်းများ ရေးသားဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေနှင့်အညီ စိစစ်၍ စစ်မှုထမ်းခေါ်ဆောင်နေခြင်းသာဖြစ်ပြီး ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီသာ ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြချက်များသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ပြည်သူများ အထင်အမြင် လွဲမှားစေရန်နှင့် ပြည်သူလူထုအား လမ်းမှားရောက်ရှိစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

ထို့အတူ တပ်မတော်နှင့် ပတ်သက်၍ Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြချက်များသည် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်ကို စိစစ်တွေ့ရှိရသည်။

အလားတူ Ayeyarwaddy Times အမည်ရှိ Facebook Page တွင် ဖော်ပြခဲ့သည့် စစ်ကောင်စီက လေးနှစ်ကျော်အတွင်း အွန်လိုင်းအသုံးပြု၍ ၎င်းတို့ကို ဝေဖန်ရေးသားသူ ၂၀၀၀ ဝန်းကျင်ကို ဖမ်းဆီးခေါင်းစဉ်ဖြင့် မတ် ၁ ရက်က ရေးသားဖော်ပြခဲ့ခြင်းသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို အထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူလူထုအား လမ်းမှားရောက်ရှိစေရန် ရည်ရွယ်၍ မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည့်ပြည့်

ရေစကြို့မြို့နယ် ဇရပ်နီကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ တစ်ဖက်သတ်စွပ်စွဲရေးသား ဝါဒဖြန့်

နေပြည်တော် မတ် ၆

မကွေးတိုင်းဒေသကြီး ရေစကြို့မြို့နယ် ဇရပ်နီကျေးရွာကို မတ် ၅ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ တစ်ဖက်သတ်စွပ်စွဲရေးသားပြီး လှုံ့ဆော် ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ရေစကြို့မြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကျေးရွာအတွင်းမှ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခဲ့သည့်အတွက် ကျေးရွာအတွင်းမှ အကြမ်းဖက်သမားများက နေအိမ်အချို့ကို မီးရှို့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားပြီး လှုံ့ဆော် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။



သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zin Moe Myint” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက်နေ ဇင်မိုးမြင့်(ခ)မိုးလေးအား ည ၇ နာရီ မိနစ် ၄၀ တွင် ကမာရွတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

တပ်ကုန်း မတ် ၆

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ် ကုန်စည်ဒိုင်ကော်မတီ ဥက္ကဋ္ဌ၊ ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဒေသခံတောင်သူများ စိုက်ပျိုးထွက်ရှိသည့် သီးနှံရောင်းဝယ်ရေးကဏ္ဍအနေဖြင့် တောင်သူများထွက်ရှိသော သီးနှံကုန်ပစ္စည်းများ ဈေးနှုန်းအနိမ့်မခံရစေရေး၊ ကတ္တား၊ ချိန်ခွင်အလေး မှန်ကန်စွာရရှိရေးနှင့် ကုန်သည်ပွဲစားများအချင်းချင်း ချိတ်ဆက်မှုရရှိစေရေး ကုန်စည်ဒိုင်ဖွဲ့စည်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦး၊ မြို့နယ်ကုန်စည်ဒိုင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းထွန်းတို့က တပ်ကုန်းကုန်စည်ဒိုင်ဖွဲ့စည်းထားရှိမှုကို ရှင်းလင်းတင်ပြပြီး ပေ (၃၀ x ၂၀) တစ်ထပ်အဆောက်အအုံ ကုန်စည်ဒိုင်ရုံးဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့်တာဝန်ရှိသူများသည် ဗျိုင်းအင်းကျေးရွာအုပ်စု ဗျိုင်းအင်းကျေးရွာအနီး ပြိုင်အင်းရေးဟောင်းဆုတောင်းပြည့်စေတီတော်သို့ရောက်ရှိ၍ ဂေါပကအဖွဲ့နှင့်တွေ့ဆုံကာ ပြိုင်အင်း ရေးဟောင်းဆုတောင်းပြည့်စေတီတော်မြတ်အား ခရီးသွားနေရာအဖြစ် ဖော်ဆောင်နိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်၊ မြို့မိမြို့ဖ၊ အလှူရှင်များက ဘုရားဝင်းအတွင်းရှိ ကန်များအလှပြုပြင်ရေး၊ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ရန် မတည်ရန်ပုံငွေအဖြစ် ကျပ်သိန်း ၂၀ ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ကင်မွန်းတန်းကျေးရွာအုပ်စု လက်ပံတောကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ (KC)ခန်းမ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဒေသခံပြည်သူများ၏တင်ပြချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် တပ်ကုန်း ဒဟတ်ကုန်း သကြားစက် ကြံကြိတ်ခွဲလည်ပတ်နေမှုကို ကြည့်ရှုရာ တပ်ကုန်းဒဟတ်ကုန်းသကြားစက်မှ စက်ရုံမှူး ဦးမြင့်သန်းက ၂၀၂၄-၂၀၂၅ ခုနှစ် ကြံကြိတ်ဝါးကြံတန်ချိန်၊ ကြံကြိတ်ဝါးပြီးစီးမှုနှင့် လက်ကျန်ကြံများ ဝယ်ယူကြိတ်ဝါးရေး၊ ထွက်ရှိသည့်ပစ္စည်းများ ပြည်တွင်း၊ ပြည်ပရောင်းချမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် သကြားစက်လည်ပတ်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

“ချစ်စရာအရွယ် ကစားကြမယ်” ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၆

“ချစ်စရာအရွယ် ကစားကြမယ်” ကလေးအစီအစဉ်ကို MRTV HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ မတ် ၈ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် TTZ Preschool နှင့် Master Mind Preschool တို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက် ထုတ်လွှင့်ပြသမည်ဖြစ်သည်။



အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်းကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင်လည်း မတ် ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ မတ် ၁၀ ရက် (တနင်္လာနေ့) ညနေ ၄ နာရီသတင်းအပြီးတွင်လည်း MRTV-HD Channel တို့တွင်လည်းကောင်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ဥတ္တရသီရိမြို့နယ်ရှိ ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် မတ် ၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဥတ္တရသီရိမြို့နယ်အတွင်းရှိ လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်းတာဝန်ခံ အင်ဂျင်နီယာ ချုပ် ဦးထွန်းဝေနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်ဦးတို့က ခရိုင်/မြို့နယ်တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၃-၂၀၂၅

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၁၅၅	၃၂၇၀	၃၂၄၅	၃၁၇၀	၃၂၇၅	၃၂၉၀	၃၃၁၀	၃၂၂၅	၄၅၀၅	၃၅၂၀	၃၂၄၅	၃၂၄၅	၃၃၁၅	၃၂၈၀	၃၃၀၀	၃၅၆၀
95 Ron	၃၂၀၅	၃၃၂၀	၃၂၈၅	၃၂၂၀	၃၃၂၅	၃၃၄၀	၃၃၆၀	၃၂၇၅	၄၅၆၀	၃၅၇၀	၃၂၉၅	၃၂၉၅	၃၃၆၅	၃၃၃၀	၃၃၅၀	၃၆၁၀
HSD (500 ppm)	၂၆၉၀	၂၀၀၅	၂၇၇၀	၂၇၀၅	၂၀၁၀	၂၀၂၅	၂၀၄၅	၂၇၆၅	-	၃၀၅၅	၂၇၈၀	၂၇၈၀	၂၈၅၀	၂၈၁၅	၂၈၄၀	၃၀၉၅
HSD (50 ppm)	၃၃၃၀	၃၄၄၅	၃၄၁၀	၃၃၄၅	၃၄၅၀	၃၄၆၅	၃၄၈၅	၃၄၀၀	၄၈၃၀	၃၆၉၅	၃၄၂၀	၃၄၂၀	၃၄၉၀	၃၄၅၅	၃၄၇၅	၃၇၃၅
HSD (10 ppm)	၃၃၃၀	၃၄၄၅	၃၄၁၀	၃၃၄၅	၃၄၅၀	၃၄၆၅	၃၄၈၅	၃၄၀၀	-	၃၆၉၅	၃၄၂၀	၃၄၂၀	၃၄၉၀	၃၄၅၅	၃၄၇၅	၃၇၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၀၂	၃၀၇၅
95 Ron	၃၀၃၀	၃၁၂၄
HSD (500 ppm)	၂၅၃၂	၂၆၁၃
HSD (50 ppm)	၃၁၅၀	၃၂၄၄
HSD (10 ppm)	၃၁၅၀	၃၂၄၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွ မြို့နယ်ဦးစီးမှူးရုံးတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်မျိုးလွင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၅ ရက် နံနက်ပိုင်းက ရုံးရှေ့၌ ပြုလုပ်စဉ်။

ကိုကျော်(သုံးခွ)

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ် လူရည်ချွန် ကျောင်းသား/ ကျောင်းသူများ၏ အမည်စာရင်း ကြေညာ

(ယမန်နေ့မှအဆက်)

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ် လူရည်ချွန် ကျောင်းသား/ ကျောင်းသူများ၏ အမည်စာရင်း ကြေညာခြင်း

စဉ်	ဝန်ကြီးဌာန	တက္ကသိုလ်	ကျောင်းသား/သူ အမည်	အထူးပြု ဘာသာရပ်
၉၅	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	နည်းပညာတက္ကသိုလ် (ပခုက္ကူ)	မောင်အောင်ဘုန်းခန့်	မြို့ပြ
၉၆	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	နည်းပညာတက္ကသိုလ် (တောင်ကြီး)	မောင်ရန်နိုင်	လျှပ်စစ်စွမ်းအား
၉၇	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	နည်းပညာတက္ကသိုလ် (လွိုင်ကော်)	မောင်အာကာကျော်	မြို့ပြ
၉၈	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	နည်းပညာတက္ကသိုလ် (တောင်ငူ)	မပန်းသဒ္ဒါ	မြို့ပြ
၉၉	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	နည်းပညာတက္ကသိုလ် (စစ်တွေ)	မောင်လူမင်းသန်း	မြို့ပြ
၁၀၀	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ပြည်နည်းပညာ တက္ကသိုလ်	မောင်မင်းခိုင်စိုး	သုတနည်းပညာ
၁၀၁	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်	မောင်ဖြိုးသူရကျော်	စက်မှု
၁၀၂	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	နည်းပညာတက္ကသိုလ် (မှော်ဘီ)	မမြကေခိုင်ကျော်	မြို့ပြ
၁၀၃	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	နည်းပညာတက္ကသိုလ် (သန်လျင်)	မောင်အာကာဖြိုး	စက်မှု
၁၀၄	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	နည်းပညာတက္ကသိုလ် (ပုသိမ်)	မကြယ်စင်မျိုးသန့်	မြို့ပြ
၁၀၅	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	နည်းပညာတက္ကသိုလ် (ဟသ်ာတ)	မရွှေရည်လင်း	စက်မှု
၁၀၆	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	နည်းပညာတက္ကသိုလ် (ဘားအံ)	မောင်လင်းထက်ဦး	မြို့ပြ
၁၀၇	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	နည်းပညာတက္ကသိုလ် (မော်လမြိုင်)	မနွေးနွေးလှိုင်	မြို့ပြ
၁၀၈	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်	မောင်ချမ်းလင်းအောင်	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၀၉	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	သတင်းအချက်အလက် နည်းပညာတက္ကသိုလ်	မအိမ့်ဖူးဖူးကျော်	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၁၀	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	မန္တလေးကွန်ပျူတာ တက္ကသိုလ်	မောင်နိုင်လင်းအောင်	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၁၁	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)	မောင်ကောင်းမြတ်ထွန်း	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၁၂	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ကွန်ပျူတာတက္ကသိုလ် (မုံရွာ)	မနှင်းဝေဝေလွင်	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၁၃	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ကွန်ပျူတာတက္ကသိုလ် (မန္တလေး)	မောင်ခွန်စစ်အောင်	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၁၄	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)	မနွေးနွေးလှိုင်	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၁၅	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ကွန်ပျူတာတက္ကသိုလ် (မကွေး)	မသဲနုရွှေစင်	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၁၆	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ)	မောင်အောင်သျှန်ဟိန်း	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၁၇	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)	မောင်ထွန်းထက်အောင်	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၁၈	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)	မချောစုသင်းနိုင်	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၁၉	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)	မောင်ဘုန်းမြတ်	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၂၀	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)	မယုယနွယ်	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၂၁	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ကွန်ပျူတာတက္ကသိုလ် (ပြည်)	မယွန်းရတီထိပ်ထား	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၂၂	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ကွန်ပျူတာတက္ကသိုလ် (ပုသိမ်)	မောင်သုတအောင်	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၂၃	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ)	မခင်ဟေသာနှင်း	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၂၄	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ကွန်ပျူတာတက္ကသိုလ် (ဘားအံ)	မခြူးသိမ့်သိမ့်ထွန်း	ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ
၁၂၅	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	Polytechnic University (ထားဝယ်)	မအိန္ဒြေခြူးငုံ	မြို့ပြ
၁၂၆	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	Polytechnic University (မြိတ်)	မောင်ဝင်းအောင်ကျော်	မြို့ပြ
၁၂၇	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	Polytechnic University (ပင်လုံ)	မမေမွန်နေမျိုး	စက်မှု
၁၂၈	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	Polytechnic University (ကျိုင်းတုံ)	မဖြိုးဘရဏီ	အီလက်ထရွန်နစ်
၁၂၉	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	Polytechnic University (မအူပင်)	မောင်ညီညီ	လျှပ်စစ်စွမ်းအား
၁၃၀	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	Naypyitaw State Polytechnic University	မောင်ဇူးစံမင်းကျော်	စက်မှု
၁၃၁	ကျန်းမာရေးဝန်ကြီးဌာန	ဆေးတက္ကသိုလ်(၁) ရန်ကုန်	မမေသူထွန်း	ဆေးပညာ
၁၃၂	ကျန်းမာရေးဝန်ကြီးဌာန	ဆေးတက္ကသိုလ်၊ မန္တလေး	မောင်သစ်လွင်ထူး	ဆေးပညာ
၁၃၃	ကျန်းမာရေးဝန်ကြီးဌာန	ဆေးတက္ကသိုလ်(၂) ရန်ကုန်	မောင်ဘုန်းမြတ်သာ	ဆေးပညာ
၁၃၄	ကျန်းမာရေးဝန်ကြီးဌာန	ဆေးတက္ကသိုလ်၊ မကွေး	မောင်ထက်လင်းအောင်	ဆေးပညာ
၁၃၅	ကျန်းမာရေးဝန်ကြီးဌာန	ဆေးတက္ကသိုလ်၊ တောင်ကြီး	မောင်ဟံသာအောင်တင်	ဆေးပညာ
၁၃၆	ကျန်းမာရေးဝန်ကြီးဌာန	သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်	မောင်စောစိုးမိုးအောင်	သွားဆေးပညာ
၁၃၇	ကျန်းမာရေးဝန်ကြီးဌာန	သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ မန္တလေး	မောင်ထွန်းလင်းအောင်	သွားဆေးပညာ
၁၃၈	ကျန်းမာရေးဝန်ကြီးဌာန	ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်	မအိဖြူစင်ဦး	ဆေးဝါး
၁၃၉	ကျန်းမာရေးဝန်ကြီးဌာန	ဆေးဝါးတက္ကသိုလ်၊ မန္တလေး	မောင်ရာဇာ သန်းတိုးအောင်	ဆေးဝါး
၁၄၀	ကျန်းမာရေးဝန်ကြီးဌာန	ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်	မသဇင်နှင်းစက်	ဆေးဘက်ဆိုင်ရာ နည်းပညာ
၁၄၁	ကျန်းမာရေးဝန်ကြီးဌာန	ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ မန္တလေး	မောင်သာထက်	ဆေးဘက်ဆိုင်ရာ နည်းပညာ
၁၄၂	ကျန်းမာရေးဝန်ကြီးဌာန	သူနာပြုတက္ကသိုလ်၊ ရန်ကုန်	မချစ်စံဝင်း	သူနာပြု
၁၄၃	ကျန်းမာရေးဝန်ကြီးဌာန	သူနာပြုတက္ကသိုလ်၊ မန္တလေး	မထက်ဝေအောင်	သူနာပြု
၁၄၄	ကျန်းမာရေးဝန်ကြီးဌာန	အခြေခံကျန်းမာရေး တက္ကသိုလ်၊ မကွေး	မောင်သန်းထိုက်အောင်	အခြေခံ ကျန်းမာရေး
၁၄၅	ကျန်းမာရေးဝန်ကြီးဌာန	တိုင်းရင်းဆေး တက္ကသိုလ်(မန္တလေး)	မသွယ်နှင်းအောင်	တိုင်းရင်းဆေး

ရေကြည်မြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးအန္တရာယ်ကာကွယ်ရေး လိုက်လံစစ်ဆေး



ရေကြည် မတ် ၆

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များ၊ စာသင်ကျောင်းများ၊ စက်ရုံအလုပ်ရုံများနှင့် လူနေအိမ်များအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အတွက် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မီးဘေးအန္တရာယ်ပေါ်ပေါက်လာပါက အရေးပေါ်အသုံးပြုနိုင်ရန် မီးသတ်ဆေးဘူးထားရှိမှု၊ ရေသိုလှောင်ထားမှု၊ ဂိုဒေါင်များတွင် ပစ္စည်းသိုလှောင်ထားမှု၊ လောင်စာဆီသိုလှောင်မှု၊ လျှပ်စစ်သွယ်တန်းမှုနှင့် လူနေအိမ်များတွင် ချက်ပြုတ်သည့်နေရာများကို စစ်ဆေးခဲ့ခြင်းဖြစ်သည်။ မီးဘေးအန္တရာယ်ပေါ်ပေါက်လာပါက မီးသတ်ဆေးဘူးအသုံးပြုနည်းများကိုမြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒွါဒသမတန်း(Grade 12)လူရည်ချွန်စာရင်း ကြေညာ

(ယမန်နေ့မှအဆက်)

အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒွါဒသမတန်း(Grade 12)လူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၄၆	မောင်အောင်ကိုဟိန်း	အထက-၅	ပြည်	ပြည်
၄၇	မခြူးသဇင်	ကပက-ပုလဲမိုး	ပြည်	ပြည်
၄၈	မောင်ဖြူးခန့်ကိုကို	နေခြည်(ကပက)	မကွေး	မကွေး
၄၉	မသက်နွယ်အေး	D ဝေလျှံ(ကပက)	မကွေး	မကွေး
၅၀	မောင်ဘုန်းခန့်ကို	အထက(၄)အေးစေတီ	ချောက်	ချောက်
၅၁	မခွန်းဆင့်ချို	အထက(၄)အေးစေတီ	ချောက်	ချောက်
၅၂	မောင်ဂျူးသက်ကို	No.1(ကပက)	မင်းဘူး	မင်းဘူး
၅၃	မမေသက်ကျော်	အထက(၂)မင်းဘူး	မင်းဘူး	မင်းဘူး
၅၄	မောင်သန်းထိုက်အောင်	UNITED MAHAR(ကပက)	သရက်	သရက်
၅၅	မသက်မှူးစံ	အထက(၁)သရက်	သရက်	သရက်
၅၆	မောင်ပိုင်ဖြိုးဝေ	အထက(၁)အောင်လံ	အောင်လံ	အောင်လံ
၅၇	မဆုပြည့်ပိုင်	အထက(၁)အောင်လံ	အောင်လံ	အောင်လံ
၅၈	မောင်လွန်ချမ်းငြိမ်း	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၅၉	မကြည်ဟေမာန်လွင်	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၆၀	မောင်ဖြိုးမင်းသူ	အထက(ခွဲ)၂၅	ပြည်ကြီးတံခွန်	မဟာအောင်မြေ
၆၁	မရွှန်းလွဲရည်	CAE (ကပက)	ချမ်းအေးသာစံ	မဟာအောင်မြေ
၆၂	မောင်ဉာဏ်စွမ်း	အထက-ပုသိမ်ကြီး	ပုသိမ်ကြီး	အောင်မြေသာစံ
၆၃	မဝင်းလွဲရည်ဦး	CAE (ကပက)	ပုသိမ်ကြီး	အောင်မြေသာစံ
၆၄	မောင်ကျော်စွာဟိန်း	စာပန်းအိမ်(ကပက)	ပြင်ဦးလွင်	ပြင်ဦးလွင်
၆၅	မသီရိထွန်း	စာပန်းအိမ်(ကပက)	ပြင်ဦးလွင်	ပြင်ဦးလွင်
၆၆	မောင်သီဟနောင်	ဉာဏ်မီးအိမ်(ကပက)	မြစ်သား	ကျောက်ဆည်
၆၇	မအေးမြတ်မွန်	အထက-မြစ်သား	မြစ်သား	ကျောက်ဆည်
၆၈	မောင်သူရအောင်	WSEC (ကပက)	မြင်းခြံ	မြင်းခြံ
၆၉	မသိဂီဦး	WSEC (ကပက)	မြင်းခြံ	မြင်းခြံ
၇၀	မောင်နန္ဒကိုကို	Scholar(ကပက)	မိတ္ထီလာ	မိတ္ထီလာ
၇၁	မယွန်းရတီဦး	Scholar(ကပက)	မိတ္ထီလာ	မိတ္ထီလာ
၇၂	မောင်ယောရှု	အထက(၁)ပျော်ဘွယ်	ပျော်ဘွယ်	ရမည်းသင်း
၇၃	မယွန်းဝတီဦး	ပညာဂုဏ်ရည်(ကပက)	ရမည်းသင်း	ရမည်းသင်း
၇၄	မောင်ကောင်းသန့်နိုင်	IDEA (ကပက)	ကျောက်ပန်းတောင်း	ညောင်ဦး
၇၅	မစောပြည့်ဦမိုး	အထက-(၁)	ကျောက်ပန်းတောင်း	ညောင်ဦး
၇၆	မောင်ချစ်ကိုကိုဦး	အထက(၂)	သထုံ	သထုံ
၇၇	မဖြိုးအိစံ	အထက(၁)	သထုံ	သထုံ
၇၈	မောင်ဦးဌေး	အထက၊ချောင်းဆုံ	ချောင်းဆုံ	မော်လမြိုင်
၇၉	မောင်အောင်မျိုးသန့်	အထက(၁)	သံဖြူဇရပ်	မော်လမြိုင်
၈၀	မဖူးမြမျက်ချယ်	အထက(၉)	မော်လမြိုင်	မော်လမြိုင်
၈၁	မလင်းလင်းထက်	အထက၊ကျိုက်မရော	ကျိုက်မရော	မော်လမြိုင်
၈၂	မောင်စိုးမင်းအောင်	အထက(၂)စစ်တွေ	စစ်တွေ	စစ်တွေ
၈၃	မခင်မြတ်မြတ်စံ	အထက(၅)စစ်တွေ	စစ်တွေ	စစ်တွေ
၈၄	မောင်မောင်မြင့်	အထက(ခွဲ)-အလက(၂)	ကျောက်ဖြူ	ကျောက်ဖြူ
၈၅	မမော်မော်ဇင်	အထက(ခွဲ)-အလက(၂)	ကျောက်ဖြူ	ကျောက်ဖြူ
၈၆	မောင်အောင်မျိုးခန့်	လမင်းသာ (ကပက)	တာမွေ	သဃ်နံးကျွန်း
၈၇	မယွန်းဆုဝေဇင်	အထက(၂)	ရန်ကင်း	သဃ်နံးကျွန်း
၈၈	မောင်ထွန်းနေလင်း	ပညာရွှေပြည်(ကပက)	သာကေတ	ဗိုလ်တထောင်
၈၉	မသန့်ရတီအောင်	အထက(၅)	ဗိုလ်တထောင်	ဗိုလ်တထောင်
၉၀	မောင်ကောင်းပိုင်ခန့်	အထက(၂)	ဒဂုံမြို့သစ်(ဆိပ်ကမ်း)	ဒဂုံမြို့သစ်
၉၁	မဖူးဝင့်အောင်	အထက(၂)	ဒဂုံမြို့သစ်(မြောက်ပိုင်း)	ဒဂုံမြို့သစ်
၉၂	မောင်မင်းကြယ်စင်သန့်	မာကျူရီ(ကပက)	လမ်းမတော်	ကျောက်တံတား
၉၃	မရွှေယမင်းအောင်	မာကျူရီ(ကပက)	လမ်းမတော်	ကျောက်တံတား
၉၄	မောင်ဟိန်းထက်အောင်	အထက(၄)	အလုံ	အလုံ
၉၅	မဝင့်ဝါညီညီ	အထက(၂)	စမ်းချောင်း	အလုံ
၉၆	မောင်သာထက်နိုင်	လေ့ကျင့်ရေး(အထက)	ကမာရွတ်	ကမာရွတ်
၉၇	မကြယ်စင်ရွှေပြည်	လေ့ကျင့်ရေး(အထက)	ကမာရွတ်	ကမာရွတ်
၉၈	မောင်အောင်ကောင်းခန့်	အထက(၁)	သန်လျင်	သန်လျင်
၉၉	မအလိမ္မာစုဇော်	အထက(၁)	ကျောက်တန်း	သန်လျင်
၁၀၀	မောင်ဟိဏ်းထွန်းဇော်	အထက(ကျိုက်ထော်)	ကော့မှူး	တွံတေး

(ဆက်လက်ဖော်ပြပါမည်)

အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဧကာဒသမတန်း(Grade 11)လူရည်ချွန်စာရင်း ကြေညာ

(ယမန်နေ့မှအဆက်)

အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဧကာဒသမတန်း(Grade 11)လူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၅၁	မောင်ဝေယံအောင်	အထက(၂)ချောက်	ချောက်	ချောက်
၅၂	မရည်မွန်မိုးပြည့်ခိုင်	အထက(၄)အေးစေတီ	ချောက်	ချောက်
၅၃	မောင်အောင်ကိုမင်း	No.1(ကပက)	မင်းဘူး	မင်းဘူး
၅၄	မသင်းဝါဆို	အထက(၁)မင်းဘူး	မင်းဘူး	မင်းဘူး
၅၅	မောင်ကောင်းပြည့်သိမ်း	မျိုးရာဇာ(ကပက)	ကံမ	သရက်
၅၆	မအိမ့်ကြယ်စင်	အထက(ခွဲ) လ-၃	သရက်	သရက်
၅၇	မောင်သက်ဝေလင်း	အထက(၁)အောင်လံ	အောင်လံ	အောင်လံ
၅၈	မဇင်နှင်းဝေ	အထက(၂)အောင်လံ	အောင်လံ	အောင်လံ
၅၉	မောင်သိန်းသန်းအောင်	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၆၀	မဟန်နီဇော်	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၆၁	မောင်စည်သူဗိုလ်	စံဟိန်း(ကပက)	မဟာအောင်မြေ	မဟာအောင်မြေ
၆၂	မဆုလာဘ်ပြည့်	အထက(၁၆)	ချမ်းအေးသာစံ	မဟာအောင်မြေ
၆၃	မောင်သုတစံ	CAE (ကပက)	ပုသိမ်ကြီး	အောင်မြေသာစံ
၆၄	မမြတ်သံသာခင်	အထက(၈)	အောင်မြေသာစံ	အောင်မြေသာစံ
၆၅	မောင်ဟိန်းစစ်ပိုင်ဦး	စာပန်းအိမ်(ကပက)	ပြင်ဦးလွင်	ပြင်ဦးလွင်
၆၆	မဖူးနေခြည်ကို	စာပန်းအိမ်(ကပက)	ပြင်ဦးလွင်	ပြင်ဦးလွင်
၆၇	မောင်စိုးဝေဖြိုး	သံတော်ဦး (ကပက)	မြစ်သား	ကျောက်ဆည်
၆၈	မမြင့်မြတ်မွန်	အထက-မြစ်သား	မြစ်သား	ကျောက်ဆည်
၆၉	မောင်သန်းတိုးအောင်	နိဘယ်(လ်) (ကပက)	မြင်းခြံ	မြင်းခြံ
၇၀	မသင်းပျံ့ပြည့်စုံ	နိဘယ်(လ်) (ကပက)	မြင်းခြံ	မြင်းခြံ
၇၁	မောင်ရဲရင့်အောင်	Scholar (ကပက)	မိတ္ထီလာ	မိတ္ထီလာ
၇၂	မခင်ချမ်းမြေကျော်	မိသားစု (ကပက)	မလှိုင်	မိတ္ထီလာ
၇၃	မောင်သူရကျော်စိုး	ဟိန်း (ကပက)	ရမည်းသင်း	ရမည်းသင်း
၇၄	မအဲငုံဖူး	အထက(၁)ပျော်ဘွယ်	ပျော်ဘွယ်	ရမည်းသင်း
၇၅	မောင်ဝင်းမင်းခန့်	IDEA (ကပက)	ကျောက်ပန်းတောင်း	ညောင်ဦး
၇၆	မရှင်းသန့်မေ	အထက-ပုဂံ	ညောင်ဦး	ညောင်ဦး
၇၇	မောင်ထက်ဝေအောင်	အထက၊ဇင်းကျိုက်	ပေါင်	သထုံ
၇၈	မဆုရတီဇော်	အထက(ခွဲ)လိပ်ခုံးကြီး	ဘီးလင်း	သထုံ
၇၉	မောင်မင်းခန့်ကျော်	အထက(၁၀)	မော်လမြိုင်	မော်လမြိုင်
၈၀	မောင်စိုပြေရှင်းသန့်	အထက-ကျိုက်ခမီ	သံဖြူဇရပ်	မော်လမြိုင်
၈၁	မမေဇင်မောင်	DTM(ကပက)	မုဒုံ	မော်လမြိုင်
၈၂	မဆုမြတ်နိုးခင်	ပါရမီ(ကပက)	မော်လမြိုင်	မော်လမြိုင်
၈၃	မောင်ကောင်းခန့်ဇံ	အထက(၄)စစ်တွေ	စစ်တွေ	စစ်တွေ
၈၄	မအေးမြတ်သဇင်	အထက(၂)စစ်တွေ	စစ်တွေ	စစ်တွေ
၈၅	မောင်စိုးလင်းနိုင်	အထက(၂)ကျောက်ဖြူ	ကျောက်ဖြူ	ကျောက်ဖြူ
၈၆	မဆုရတနာအောင်	ကောင်း(ကပက)	ကျောက်ဖြူ	ကျောက်ဖြူ
၈၇	မောင်ဇွဲရုန်နိုင်	ပညာစံ (ကပက)	တာမွေ	သဃ်နံးကျွန်း
၈၈	မစုနဒီနိုင်	လမင်းသာ(ကပက)	တာမွေ	သဃ်နံးကျွန်း
၈၉	မောင်ဉာဏ်လင်းထူး	အထက(၅)	ဗိုလ်တထောင်	ဗိုလ်တထောင်
၉၀	မအိမ့်ခွန်းသံစဉ်	အထက(၅)	ဗိုလ်တထောင်	ဗိုလ်တထောင်
၉၁	မောင်သွင်ထူးအောင်	အထက(၂)	ဒဂုံမြို့သစ်(အရှေ့ပိုင်း)	ဒဂုံမြို့သစ်
၉၂	မမြတ်ချမ်းမြေ	မိဘရိပ်အောင်မြေ(ကပက)	ဒဂုံမြို့သစ်(အရှေ့ပိုင်း)	ဒဂုံမြို့သစ်
၉၃	မောင်ခန့်ဇင်ငြိမ်း	အထက(၁)ဒဂုံ	ဒဂုံ	ကျောက်တံတား
၉၄	မဟန်နွယ်ငြိမ်း	အထက(၁)ဒဂုံ	ဒဂုံ	ကျောက်တံတား
၉၅	မောင်စွမ်းရည်ထက်	အထက(၄)အလုံ	အလုံ	အလုံ
၉၆	မအင်ကြင်းစံ	အထက(၄) စမ်းချောင်း	စမ်းချောင်း	အလုံ
၉၇	မောင်ထွန်းလင်းနိုင်	Great Light (ကပက)	မရမ်းကုန်း	မရမ်းကုန်း
၉၈	မဆုအိမြစန်း	လေ့ကျင့်ရေး(အထက)	ကမာရွတ်	ကမာရွတ်
